# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၅ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်သွားရန်လို

နေပြည်တော် ဧပြီ ၄

ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


**ယနေ့ ဖတ် စ ရာ**

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**


ပြည်တွင်းသတင်း စာ ၈


**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်**


ပြည်တွင်းသတင်း စာ ၁၉




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❍ *ရွှေဖုံးမှ*

ဦးစွာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ခေါင်းဆောင်များအား တစ်ဦးချင်း ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

**၁ မိနစ် ငြိမ်သက် ဂါရဝပြု**

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထိုသို့ အဖွင့်အမှာစကား ပြောကြားနေချိန်အတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ မတ် ၂၈ ရက်နေ့တွင် ပြင်းထန်စွာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ် သင့်ခဲ့ရသည့်သူများအတွက် ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်အားအတည်ပြုပြီး ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းအသီးသီး ပြောကြားကြသည်။

ထိုသို့ ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၏ ဘင်းမ်စတက်ဥက္ကဋ္ဌသက်တမ်း ဆောင်ပုဒ်ဖြစ်သည့် **"သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်"** သည် အဖွဲ့ဝင်နိုင်ငံများ၏ ရည်မှန်းချက်များနှင့် အလွန်လိုက်လျောညီထွေရှိကြောင်း၊ ထိုင်းနိုင်ငံ၏ဦးဆောင်မှုအောက်တွင် အစီအစဉ်များစွာ အကောင်အထည် ပေါ်လာခဲ့ကြောင်း၊ အထူးသဖြင့်ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုချမှတ်မည့် ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ ကို ရေးဆွဲအဆိုပြုခြင်းအတွက် ဥက္ကဋ္ဌ ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

ထို့ပြင် မိမိတို့သည် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုကြမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် ဘင်းမ်စတက်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ ရှင်းလင်းမှုရှိစေရန်အတွက် လမ်းညွှန်များဖြစ်လာမည်ဖြစ်ကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ဘင်းမ်စတက်လွတ်လပ်သော ကုန်သွယ်မှုဇရိယာ သဘောတူညီချက်မူဘောင် (Framework Agreement on the BIMSTEC Free Trade Area Agreement – FTA) ကို ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း FTA ကို ထူထောင်ရန် အလှမ်းဝေးနေဆဲပင်ဖြစ်ကြောင်း၊ FTA ကို ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ပြီး ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးတို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် FTA ၏ အသီးအပွင့်များကို ရရှိခံစားနိုင်ရေးအတွက် ယင်း၏ဆက်စပ်သဘောတူစာချုပ်များ ဆွေးနွေးအပြီးသတ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရှာဖွေဖော်ထုတ်**

ထို့ပြင် အရောင်းအဝယ်ကိစ္စများ အဆင်ပြေလွယ်ကူစေရန်နှင့် နိုင်ငံခြားငွေအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန် ဒစ်ဂျစ်တယ်နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုစနစ်များ၊ ဒေသသုံးငွေကြေးများဖြင့် ကုန်သွယ်နိုင်မည့် အခြေအနေများကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိတွင်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၌ ငွေပေးချေမှု ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံက ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရာတွင် "ဘတ်-ကျပ်" တိုက်ရိုက်ပေးချေမှုနှင့် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်ရာတွင် "ရူပီး-ကျပ်" တိုက်ရိုက်ပေးချေမှုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘင်းမ်စတက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ မတ် ၂၈ ရက်တွင် ပြင်းထန်စွာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအတွက် ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြစဉ်။

*စာမျက်နှာ ၃ မှ*

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုမှာ ဆက်သွယ်ချိတ်ဆက်မှု (connectivity) ပင်ဖြစ်ကြောင်း၊ ဆက်သွယ်ချိတ်ဆက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုကိုမြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ပေးနိုင်မည့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူဖြစ်စေ**

အိန္ဒိယ - မြန်မာ - ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းသည် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း။

စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (energy cooperation) သည် ဒေသတွင်း သာယာဝပြောရေးအတွက် နောက်ထပ် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ ဘင်းမ်စတက် ဓာတ်အားလိုင်းအပြန်အလှန် ချိတ်ဆက်မှုဆိုင်ရာ ပင်မစီမံကိန်းကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာ မျှဝေသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်များကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးသည်အရေးကြီးလှကြောင်း၊ မိမိတို့၏ လူဦးရေသည် အစဉ်တိုးပွားလျက်ရှိသည့်အတွက် တိုးပွားလာသည့်လူဦးရေ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စားရေရိက္ခာဖူလုံရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) နှင့် ဘင်းမ်စတက်ငါးလုပ်ငန်းနှင့် မွေးမြူရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်တို့ကို ဦးဆောင်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် ယင်းလုပ်ငန်းစီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်းလိုကြောင်း။

**ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ကောင်းမွန်သည့် ရေ၊ မြေ၊ ရာသီဥတုကို ပိုင်ဆိုင်ထားကြောင်း၊ နည်းပညာရှိသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ခေတ်မီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များနှင့် လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမည်ဆိုပါက မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်း စားရေရိက္ခာ ဖူလုံရေးအတွက်ပါ အကျိုးရှိသည့်ရလဒ်များ ခံစားရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ အခါအခွင့်သင့်ခိုက် အဖွဲ့ဝင်နိုင်ငံများအတွက် စိုက်ပျိုးရေးဆိုင်ရာ ဘင်းမ်စတက် ပညာသင်ဆုများ ပေးအပ်ခြင်းအတွက် အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မိမိတို့မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကျရောက်မှုဒဏ်ကို မကြာခဏကြုံတွေ့ခံစားရလျက်ရှိကြောင်း၊ ထို့ပြင် မကြာသေးမီက မြန်မာနိုင်ငံကို ဗဟိုပြုပြီး အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ဒေသတွင်း နိုင်ငံအချို့တွင်လည်း ရိုက်ခတ်မှုများရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၃၃၀၁ ဦး၊ ဒဏ်ရာရရှိသူ ၄၇၉၂ ဦးနှင့် ပျောက်ဆုံးနေသူ ၂၂၁ ဦးရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အခွင့်ကြုံခိုက် ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ကြီးမားသည့် ငလျင်ကြီးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် အဖွဲ့ဝင်နိုင်ငံများက စာနာထောက်ထားမှုပြောဆိုခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် အချိန်တိုအတွင်း ရောက်ရှိကူညီပေးခြင်း၊ ကယ်ဆယ်ရေးနှင့် စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီမှုများအတွက် မြန်မာပြည်သူများက ကျေးဇူးအထူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

**အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်**

ဘင်းမ်စတက်အတွင်း ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့ဒေသသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် အခြားကြိုတင်မမြင်နိုင်သည့် အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကျပ်အတည်း စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက်အစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို တွေ့ကြုံခံစားနေရပြီး ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘင်းမ်စတက် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေး အကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကြိုတင်ပြင်ဆင်မှုများ လိုအပ်သည်ကို မီးမောင်းထိုးပြခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်တွင် ကပ်ရောဂါများဖြစ်ပွားသည့်အခါ ကာကွယ်ဆေးများ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီရရှိရေး စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာ၌ အရေးပါလှသည့် ဘင်းမ်စတက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၅) ကို အချိန်မီအကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပံ့ပိုးပေးရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

ကပ်ရောဂါ ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုတို့နှင့် စပ်လျဉ်း၍ ပံ့ပိုးပေးရန် ကမ်းလှမ်းချက်အတွက် ကမ္ဘာ့ဘဏ်ကို အခါအခွင့်သင့်ခိုက် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဒေသတွင်း လုံခြုံရေးသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၏ နောက်ထပ်သော့ချက် မဏ္ဍိုင်ဖြစ်ကြောင်း၊ ဆိုက်ဘာလုံခြုံရေး၊ ရေကြောင်းလုံခြုံရေးနှင့် လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှု၊ အွန်လိုင်းလိမ်လည်မှုကဲ့သို့သော နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်ရာ၌ မိမိတို့၏ တရားဥပဒေစိုးမိုးရေး အေဂျင်စီများအကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း။

အထူးသဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ကြီးထွားလာသည့် အွန်လိုင်းလိမ်လည်မှုများကို ပူးပေါင်းတိုက်ဖျက်ကြရန် လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတွင် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၌ အသုံးချရန် လူကုန်ကူးခံရသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့်အတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရေတိုမဟုတ်ဘဲ အမြဲတမ်း ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

**စီးပွားရေး အခွင့်အလမ်းသစ်များ**

ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်ကို ပုံဖော်ရန်အတွက် မိမိတို့အကြား သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်နွှယ်ပတ်သက်မှုများကိုအခြေခံပြီး မိမိတို့ပြည်သူအချင်းချင်း ထိတွေ့ဆက်သွယ်မှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် မိမိတို့ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ဆက်ဆံရေး ပေါင်းကူးတံတားများ တည်ဆောက်ရာတွင်လည်းကောင်း အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းဖြင့် မိမိတို့ဒေသ၏ ကြွယ်ဝသည့် ယဉ်ကျေးမှု အမွေအနှစ်များကို အသုံးချနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် ဒေသခံလူထုအတွက် စီးပွားရေး အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ဒီလိုဖန်တီးရာတွင်လည်း နီပေါနှင့် ဘူတန်နိုင်ငံတို့သည်

*စာမျက်နှာ ၅ သို့*

- ❑ **ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လို**
- ❑ **အခွင့်ကြုံခိုက် ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ကြီးမားသည့်ငလျင်ကြီးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် အဖွဲ့ဝင်နိုင်ငံများက စာနာထောက်ထားမှုပြောဆိုခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် အချိန်တိုအတွင်း ရောက်ရှိကူညီပေးခြင်း၊ ကယ်ဆယ်ရေးနှင့် စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီမှုများအတွက် မြန်မာပြည်သူများက ကျေးဇူးအထူးတင်ရှိသည်ကို ပြောကြားလို**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့ည ဒေသစံတော်ချိန် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ် (Wing – 6) မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ည ၁၀ နာရီအချိန်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြရာ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား နေပြည်တော် တပ်မတော်လေဆိပ်၌ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ကုန်းတွင်းပိတ်နိုင်ငံများ ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများရှိနိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ရေးအခွင့်အလမ်းများကို ပိုမိုလုပ်ဆောင်ပေးသွားရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။

မိမိတို့၏ လူငယ်များသည် ဘင်းမ်စတက်၏ အနာဂတ်ဖြစ်ကြောင်း၊ မိမိတို့၏လူငယ်များ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ရှင်သန် ရပ်တည်နိုင်ရန်အတွက် ပညာရေးဆိုင်ရာ ဖလှယ်ရေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ လူငယ်စွန့်ဦးတီထွင်မှုအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ကျွမ်းကျင်မှုများ ပိုမိုတိုးတက်ရန် မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေနိုင်မည့် အကြံဉာဏ်များ ဖလှယ်ရန်နှင့် နည်းလမ်းများ ရှာဖွေရန်အတွက် ဘင်းမ်စတက် လူငယ်မျိုးဆက်သစ် ဖိုရမ်ကို ၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်မှ ၃ ရက်အထိ ဗန်ကောက်မြို့တွင် ကျင်းပပေးသည့်အတွက် ဥက္ကဋ္ဌထိုင်းနိုင်ငံကို ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ဘင်းမ်စတက်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက စိတ်ဝင်စားမှုတိုးမြင့်လာသည်ကို သိရှိရသည့်အတွက် အားရကျေနပ်မိကြောင်း၊ ဘင်းမ်စတက်၏ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို ရယူနိုင်ရန်အတွက် ရှိရင်းမိတ်ဖက် အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းထားရန်နှင့် အလားအလာရှိသည့် မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံသွားရန် အရေးကြီးကြောင်း၊ ဘင်းမ်စတက်၏ အနာဂတ် ဦးတည်ချက်များနှင့် စပ်လျဉ်းပြီး အစီရင်ခံစာနှင့်အကြံပြုချက်များ တင်ပြခြင်းအတွက် ထင်ပေါ်ကျော်ကြား ပညာရှင်များအဖွဲ့ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ထို့ပြင် အခါအခွင့်သင့်ခိုက် ဘင်းမ်စတက်၏ အတွင်းရေးမှူးချုပ်သစ်အဖြစ် မစ္စတာအင်ဒရာမာနီပန်ဒေးကို ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုများအတွက် အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာတန်ဇင်လက်ခ်ဖဲလ်ကိုလည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဘင်းမ်စတက် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလတွင် ဘင်းမ်စတက်၏ တိုးတက်မှုကို များစွာအထောက်အကူပြုစေခဲ့သည့် ဦးဆောင်မှုအတွက် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဘင်းမ်စတက် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဘင်းမ်စတက်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်ကာလတွင် မိမိတို့အနေဖြင့် အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ အားလုံးအတွက် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်ပြီး ပွင့်လင်းမြင်သာရုံသာမက တရားမျှတ၍ သာတူညီမျှဖြစ်ပြီး ရေရှည်တည်တံ့မည့် အနာဂတ်ကို ပုံဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာလက်တွဲလုပ်ဆောင်ရန် မိမိတို့၏ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်က ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ အစီရင်ခံတင်ပြပြီး (၁၉) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်နှင့် အကြိမ်(၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှတ်တမ်းတို့အား အတည်ပြုခြင်း၊ ဘင်းမ်စတက်ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ အား သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့၏ အစီရင်ခံစာကိုသုံးသပ်ခြင်း၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ကြေညာစာတမ်းကို အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ တာဝန်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေး ပုဂ္ဂိုလ်ချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှည့်ကျဥက္ကဋ္ဌသစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြံပေး ပုဂ္ဂိုလ်ချုပ်က အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်က အပိတ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့်တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၄**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra နှင့် ယနေ့ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri–La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

**ကူညီဆောင်ရွက်ပေးသွားမည်**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ငလျင်ပြင်းထန်စွာ လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့ရမှုများအပေါ် မိမိနှင့် မိမိတို့ပြည်သူများအနေဖြင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှလိုအပ်သည့် အခြေအနေများကိုသိရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးတို့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့သွားရောက်မည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများကို မိမိတို့ နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံတွင် ငလျင်ပြင်းထန်စွာလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့မှုများနှင့် ပတ်သက်၍အဆွေတော်နှင့်အဆွေတို့ပြည်သူများအနေဖြင့် ဝမ်းနည်းကြောင်း ပြောကြားပေးမှုများနှင့် လိုအပ်သည့်အကူအညီများဆောင်ရွက်ပေးမှုများကို မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ ပြည်သူများကို များစွာကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်း ထိခိုက်မှုဖြစ်ပွားခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ အဆိုပါထိခိုက်မှုအတွင်း မြန်မာနိုင်ငံသားများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ်လည်း စိတ်မကောင်း ဖြစ်ရပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ လာရောက်၍ အကူအညီပေးနိုင်ရေးလိုအပ်သည်များကို ကြည့်ရှုမည်ဆိုသည်ကိုလည်း မိမိတို့အနေဖြင့် ကြိုဆိုကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက် ရောင်းဝယ်မှုများ ပပျောက်ရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ အလားတူ တရားမဝင် အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများပပျောက်ရေး အတွက်လည်း ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျော့နည်း ပပျောက်စေရေး အတွက် နယ်စပ်နေပြည်သူများအား အသိပညာပေးမှုများနှင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကာကွယ်ရေး ကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။

## ကျိုက်ထိုမြို့နယ် မူလွန်အမှတ်(၁)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်



**ကျိုက်ထို မေ ၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် မေ ၂ ရက်က ကံ့ကော်ရပ်ကွက်ရှိ မူလွန်အမှတ်(၁)ကျောင်း၌ နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို သွားရောက်ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင်အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။ **ကျိုက်ထို(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၄**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်လျှင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မိမိနှင့် အိန္ဒိယပြည်သူများအနေဖြင့် များစွာ စိတ်မကောင်း ဖြစ်ရပါကြောင်း၊ မိမိတို့ ဂူဂျာရက်ပြည်နယ်၌လည်း ယခင်က ထိုကဲ့သို့ ပြင်းထန်သည့် ငလျင်ကို ထိခိုက်ခံစားခဲ့ရဖူးကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများကို မိမိတို့အနေဖြင့် ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုဘင်းမ်စတက်အစည်းအဝေးတွင် မိမိအနေဖြင့် သဘာဝဘေးဒဏ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆွေတော်နှင့် ထပ်မံတွေ့ဆုံရမှုအတွက်လည်း ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် အဆွေတော်နှင့် အိန္ဒိယပြည်သူများက အကူအညီများ ပေးအပ်မှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍လည်း အတွေ့အကြုံများကို မျှဝေပေးစေလိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဘင်းမ်စတက်အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမည်ဟု သိရသည့်အတွက်လည်း မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားမှု အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများနှင့် လက်နက်မှောင်ခိုမှုများ ပပျောက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့်တွေ့ဆုံဆွေးနွေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မတ် ၂၈ ရက် အင်အားပြင်းမြေငလျင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ငလျင်ဒဏ်သင့် ထိခိုက်ဒဏ်ရာရရှိသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စစ်ကိုင်းမြို့ ဇက်ဆိပ်ကမ်းရှိ ကုန်ကားများ သွားလာမှု အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု၊ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးသွားသော မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းများ ပျက်စီးနေမှု၊ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ရှိနေမင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အမှတ်(၂၅)YECဘုန်းတော်ကြီးသင်အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ရောက်ရှိနေသော ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အာယုဒါနဆေးရုံတော်၌ နိုင်ငံတကာဆေးအကူအညီပေးရေးအဖွဲ့များနှင့်ပူးပေါင်းကာ သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာတော်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးရန် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ခေတ္တရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်ဆေကိန္ဒအားလည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအားလည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော်ကြီးများ၏ ဩဝါဒများကို ခံယူခဲ့ကြသည်။

ထို့နောက် မန္တလေးနန်းမြို့ရိုးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြို့ရိုးတစ်လျှောက်တွင် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဘူတာကြီးသို့ ရောက်ရှိပြီး တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးသို့ ဆက်လက်ထွက်ခွာမည့် အထူးအမြန်ရထား (DEMU) ကြီး၏ ကြံ့ခိုင်မှုအခြေအနေများနှင့် မီးရထားလမ်းကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြေငလျင်ဒဏ်သင့်၍ ပျက်စီးခဲ့သည့် တောင်ငူတက္ကသိုလ်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ(တောင်ငူ)သို့လည်းကောင်း၊ ခပေါင်းတံတား ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် ခပေါင်းတံတားကြီးပေါ်၌ မော်တော်ယာဉ်ကြီး၊ မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဝန်ကြီးရုံးများ၊ ဝန်ထမ်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ရွှေညောင်မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာမုနိဘုရားကြီးဝင်း၊ မစိုးရိမ်တိုက်သစ် ဘုန်းတော်ကြီးကျောင်း၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်းဓမ္မဗိမာန်၊ Sky Villa နှင့် အခြားအပျက်အစီးများရှိသည့် နေရာများသို့လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၄**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘူတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Tshering Tobgay နှင့် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ဘူတန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ပြင်းထန်လျှင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ မိမိတို့ဘုရင်မင်းမြတ်က များစွာစိတ်မကောင်းဖြစ်ရသည်ကို အမှာစကားပါးလိုက်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပြီး ကူညီမှုများကိုဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများကိုလည်း ဆက်လက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်တို့နိုင်ငံ၏ ဘုရင်မင်းမြတ်နှင့် ပြည်သူများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် စိတ်စေတနာများကို သိရှိရသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့သည်မှာ ၆ ရက်တိုင်ရှိပြီဖြစ်သော်လည်း ယမန်နေ့အထိ အသက်ရှင်လျက်ကယ်ထုတ်နိုင်မှုများ ရှိနေသေးကြောင်း၊ ဘူတန်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ကူညီဆောင်ရွက် ပေးမှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အခြားပူးပေါင်းဆောင်ရွက်၍ ရသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး ဘူတန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဘူတန်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အား အလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူအချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်တွင်း အထူးရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အလိုက် လိုက်လံဆောင်ရွက်လျက်ရှိသည်။



**ကယ်ဆယ်ရေးဆောင်ရွက်**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတကာမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များသို့သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်နိုင်ငံနှင့် ယူအေအီးနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဥတ္တရသီရိမြို့နယ်ရှိ ဥတ္တရသီရိပုဂ္ဂလိကအထူးကုဆေးရုံ၌လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည် ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဇမ္ဗူသီရိမြို့နယ်ရှိ Jade City Hotel ၌ လည်းကောင်း ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက်သေဆုံးခဲ့ကြသူများ၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ကြသည်။

နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများလှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့် မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ ဖြေရှင်းနိုင်ရေး ယာယီရေကန်များ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြု ဆေးအဖွဲ့များသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ သယ်ဆောင်လျက် မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၄**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**သီရိလင်္ကာနိုင်ငံအနေဖြင့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်က မိမိတို့ သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအပေါ် များစွာစိတ်မကောင်းဖြစ်ရသည်ကို အမှာစကားပါးလိုက်ပါကြောင်း၊ မိမိတို့သီရိလင်္ကာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်သည့် နိုင်ငံများဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ပြင်းထန်လျှင်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ သီရိလင်္ကာနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်း အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၄

**ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့်တွေ့ဆုံဆွေးနွေးစဉ်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်၌ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးညီလာခံကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့အတွင်း တက်ကြွစွာဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ ဆဋ္ဌမအကြိမ်မြောက်ဘင်းမ်စတက် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍအတွက် မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဧပြီ ၄** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် မေ ၄**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများ က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံ ဓမ္မယုတ္တိက နိကာယ သံဃာအဖွဲ့အစည်း၊ မဟာသံဃာရာဇာ ဓိပတိ ဆမ်ဒက် ပရယ် အဘိသီရိဂန္ဓ ကိတ္တိ ဥဒ္ဒေသ မဏ္ဍိတ ဘူကရီးကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြို့တော်ဝန် အလက်ဇန္ဒား ဘယ်ဂ်လော့က လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းနည်းကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအနေဖြင့် ကျန်ရစ်သူမိသားစု၊ ကယ်ဆယ်ရေးဆောင်ရွက်နေသည့် အစိုးရတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားရသူများ အားလုံးနှင့်အတူရှိနေပါကြောင်း၊ မြန်မာပြည်သူများ၏ ပူဆွေးသောကကို စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း၊ ကျန်ရစ်သူများအနေဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ ဘုရား၏အဆုံးအမများနှင့် ကရုဏာတရား၊ မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ကြပါစေကြောင်း၊ အသက်ဆုံးရှုံးမှုများနှင့် များစွာသောပျက်စီးဆုံးရှုံးမှုများကိုသိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါကြောင်း၊ ထိခိုက်ခံစားရသည့်မိသားစုဝင်များကို စာနာထောက်ထားကြောင်း၊ ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့်သတ္တိရှိကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း တို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

မကြာသေးခင်က ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းနည်းကြောင်းဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ ထိခိုက်ခံစားနေချိန်တွင် မိမိနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ သံဃာတော်များအနေဖြင့် ကျန်ရစ်သူမိသားစု၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အစိုးရတာဝန်ရှိသူများ၊ မြန်မာတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းနှင့် ငလျင်ဒဏ်ခံစားရသူများ အားလုံးနှင့်အတူ ရှိနေပါသည်။ မြန်မာပြည်သူများ၏ ပူဆွေးသောကကို စာနာနားလည်ပါကြောင်းနှင့် မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း အလေးအနက်ထား ဆုမွန် ကောင်းတောင်းအပ်ပါသည်။

ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးကြသူများလည်း ငြိမ်းချမ်းသောဘုံဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ကျန်ရစ်သူများအနေဖြင့်လည်း ခံနိုင်ရည်ရှိစွာဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့၏ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ဘုရား၏ အဆုံးအမများဖြစ်သော ကရုဏာတရား၊ မေတ္တာတရားများဖြင့် စိတ်သက်သာမှု ရရှိကာ အမြန်ဆုံး ပြန်လည်ကုစားနိုင်ပါစေကြောင်း မျှော်လင့်ပါသည်။

ယခုကဲ့သို့ခက်ခဲသော အချိန်ကာလတွင် လူသားအားလုံးကို ငြိမ်းချမ်း၍ စိတ်သက်သာရပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆမ်ဒက် ပရယ် အဘိသီရိဂန္ဓ ကိတ္တိ ဥဒ္ဒေသ ပဏ္ဍိတ ဘူကရီး**
**မဟာသံဃာရာဇာဓိပတိ**
**ဓမ္မယုတ္တိက နိကာယ သံဃာအဖွဲ့အစည်း**
**ကမ္ဘောဒီးယားနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အဆွေတော်**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် အင်အားပြင်းထန်သော ငလျင်ကြောင့် မြန်မာပြည်သူများစွာ အသက်ဆုံးရှုံးရသည့်အတွက် အဆွေတော်နှင့် မြန်မာနိုင်ငံသားများအား စိန့်ပီတာစဘတ်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းနည်းကြောင်းကို လေးနက်စွာဖော်ပြလိုပါသည်။

အသက်ဆုံးရှုံးမှုများနှင့် များစွာသောပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင် ကြေကွဲဝမ်းနည်းရပါသည်။

စိန့်ပီတာစဘတ်အနေဖြင့် မန္တလေးမြို့နှင့် အခြားဒေသများမှ ၎င်းတို့၏ ချစ်ခင်ရသူများ ဆုံးရှုံးရသည့် ပြည်သူများနှင့်အတူ ကြေကွဲဝမ်းနည်းမှုကို ဖော်ပြလိုပါသည်။ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းအပ်ပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့် သတ္တိရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့**
**စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ထိုင်းနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် မြန်မာနိုင်ငံသားများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဒုတိယဝန်ကြီးများလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မတ် ၂၈ ရက်၌ ထိုင်းနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားစဉ်အတွင်း အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး Phyathai Phaholyothin Hospital ၌ ဆေးကုသမှုခံယူလျက်ရှိသည့် မြန်မာနိုင်ငံသားများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။



ထိုသို့ သွားရောက်ရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် မြန်မာနိုင်ငံသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဆေးကုသမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခင်ဗျား**

ပြီးခဲ့သည့် ၂၈-၃-၂၀၂၅ ရက် (သောကြာနေ့)၌ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားကြီး ငလျင်ကြောင့် ပြည်သူများအပေါ် သက်ရောက်မှုရှိခဲ့ပြီး မိသားစုများ ရွှေ့ပြောင်းနေထိုင်ခဲ့ရသကဲ့သို့ အသက်အိုးအိမ်နှင့်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မီဒီယာအစီရင်ခံချက်များအရ သိရှိခဲ့ရသည့်အတွက် ဝမ်းနည်းပူဆွေးမိပါသည်။

အသက်ကြွေလွင့်ခဲ့ရသည့် မိသားစုများနှင့် ၎င်းတို့၏ ချစ်ခင်ရသူများအတွက် ဝမ်းနည်းမိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကပ်ဘေးမှပြန်လည်နာလန်ထူနိုင်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Mr. Seah Kian Peng**
**Speaker**
**Parliament of Singapore**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက်က အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေတို့ကို ယမန်နေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**



ဦးစွာ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ဓာတ်အား ခွဲရုံအမှတ် (၈)သို့ ရောက်ရှိပြီး လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ပြန်လည်ပြင်ဆင်၍ ဓာတ်အား အမြန်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥတ္တရသီရိ မြို့နယ်အတွင်းရှိ လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့တွင်းဓာတ်အား ဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြုပြင်ပြင်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ပြုပြင်ပြီးစီးရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးသွားပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အရိုးအထူးကုဆေးရုံ၊ ကလေးအထူးကုဆေးရုံ၊ မျက်စိအထူးကုဆေးရုံနှင့် သားဖွားဆေးရုံတို့အား ဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံပျက်စီးချို့ယွင်းမှုများဖြစ်ပေါ်ခဲ့၍ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။ ဓာတ်အား အမြန်ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မတ် ၂၉ ရက်မှစ၍ လေပြင်းဒဏ် အများဆုံးခံစားခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ပို့လွှတ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးလိုင်းများနှင့် ပင်မခွဲရုံများ၏ ပျက်စီးမှုများကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၄ ဦးဖြင့် ပြင်ဆင်ခဲ့ရာ မတ် ၃၀ ရက်တွင် အမျိုးသားဓာတ်အား ကွန်ရက် (National Grid) ဖြင့် ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၆၀ ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိဓာတ်အား ဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးရှိ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများအပြင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၆၉၀ ဖြင့်လည်းကောင်း၊ စစ်ကိုင်းမြို့အတွင်း ပျက်စီးမှုများအား လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၈၀ ဖြင့်လည်းကောင်း စုစုပေါင်း လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၃၀ တို့ဖြင့် ဓာတ်အား အမြန်ပို့လွှတ် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ပြီးစီးမှုအနေဖြင့် နေပြည်တော်ကောင်စီ နယ်မြေတွင် ၇၅ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၈ ဒသမ ၃၈ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လေပြင်းဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား အားပေးစကားပြောကြား

**နေပြည်တော် မေ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် လေပြင်းဒဏ်သင့်ခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယာယီပြောင်းရွှေ့နေရာချထားပေးထားသည့် နေပြည်တော် ဥတ္တရသီရိ မြို့နယ် ငန်းစပ်ကျေးရွာရှိ ရာဇဌာနီသာမဏေကျော် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဝန်ထမ်းနှင့် မိသားစုများ၏ အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး အားပေးစကားပြောကြားသည်။

ဦးစွာ ဝန်ထမ်းများနှင့်မိသားစုများ စားသောက်နေထိုင်ရေး အဆင်ပြေစေရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆန် ၂၄ ပြည်အိတ် လေးအိတ်၊ ပဲဆီသန့် ၁၅ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၁၂၀၊ ခရမ်းချဉ်သီး ပိဿာ ၄၀၊ ပရိမီယာကော်ဖီမစ် ၆၉ ပါကင်၊ အထုပ် ၁၈၀ ပါ အသင့်စား မာမား ခေါက်ဆွဲခြောက် ၁၁ ဖာ၊ ငါးနီတူခြောက် ၂၅ ပိဿာနှင့် ငါးသေတ္တာ ဘူးကြီး လေးဒါဇင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီ ပြောင်းရွှေ့နေထိုင်သည့် ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား နေရာထိုင်ခင်းချထားပေးမှု အခြေအနေများ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရိက္ခာပစ္စည်း သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ရေး၊ ကျန်းမာရေးနှင့်အညီ ချက်ပြုတ်ကျွေးမွေးရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> ❖ *ကျောဖုံးမှ*
>
> ရှမ်းဘာသာတိုင်းရင်းသား ကဏ္ဍအချပ်ပိုကို မေ ၁၇ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။
>
> သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။
>
> **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

### တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သီလဝါအကွက်အမှတ် (၂၇၊ ၂၈၊ ၂၉) တွင် ကျင်းပသည့် ဘက်စုံသုံးအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ခေတ်မီသိုလှောင်ရုံ ပန္နက်တင်အခမ်းအနား တက်ရောက်

ရန်ကုန် ဧပြီ ၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့ နံနက်ပိုင်းက သီလဝါဆိပ်ကမ်းဧရိယာရှိ အကွက်အမှတ် (၂၇၊ ၂၈၊ ၂၉)တွင် ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ခေတ်မီသိုလှောင်ရုံ ပန္နက်တင် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် စီမံကိန်းအကောင်အထည်ဖော်မည့် အများပိုင်ကုမ္ပဏီ သုံးခုမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့် အကြောင်းရင်းများနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများက ခေတ်မီသိုလှောင်ရုံတည်ဆောက်မည့် မြေနေရာတွင်ပန္နက်တင်ခြင်း၊ အမွှေးနံ့သာရည်ပက်ဖျန်းခြင်းနှင့်ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား တည်ဆောက်မည့် မြေနေရာတွင် မြေကျင်းအားသဲဖို့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပသို့ ပို့ကုန် နှစ်ဆ တိုးမြှင့်ပို့နိုင်ရန် အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့၏ ပံ့ပိုး ကြီးကြပ်မှုဖြင့် အများပိုင်ကုမ္ပဏီ သုံးခု ဖြစ်ကြသော စားသုံးဆီနှင့် ဆီထွက်သီးနှံများ ကိုင်တွယ်မည့် Myanmar Edible Oil Industrial Public Co., Ltd. (MEICO)၊ ဆန်နှင့်ကောက်ပဲ သီးနှံကိုင်တွယ်မည့် Myanmar Agribusiness Public Co., Ltd. (MAPCO)၊ လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံများ ကိုင်တွယ်မည့် Myanmar Agricultural & General Development Public Ltd. (MAGDPL) နှင့် China Harbour Engineering Co., Ltd. (CHEC) တို့ ပူးပေါင်း၍ သီလဝါ အကွက်အမှတ် (၂၇၊ ၂၈၊ ၂၉)တွင် ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement– MOA)များကို လက်မှတ်ရေးထိုးခဲ့ကြပြီး အလျား ၅၈၅ မီတာရှိ ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် အလျားပေ ၅၅၀၊ အနံပေ ၁၅၀နှင့် အမြင့် ၃၄ ပေ၊ စုစုပေါင်း ဧရိယာ စတုရန်းပေ ၈၂၅၀၀ အကျယ်အဝန်းရှိ ခေတ်မီ သိုလှောင်ရုံတစ်လုံးကို ပူးပေါင်း အကောင်အထည်ဖော် တည်ဆောက်သွားမည် ဖြစ်ကြောင်းနှင့် အဆိုပါဆိပ်ခံတံတားသည် ရန်ကုန်ဆိပ်ကမ်းအတွက် ခေတ်မီဆိပ်ခံတံတား တစ်စင်းဖြစ်လာမည်ဖြစ်ပြီး တံတားရှေ့ ရေစူး ၁၄ မီတာအထိ ရရှိမည်ဖြစ်၍ သီလဝါဆိပ်ကမ်းဧရိယာအတွက် ခွင့်ပြုသတ်မှတ်ထားသည့် ရေစူး ၁၀ ဒသမ ၅ မီတာနှင့် ကုန်တန်ချိန် ၅၀၀၀၀ အထိ တင်ဆောင်နိုင်သည့် သင်္ဘောကြီးများဖြင့် ဒေသတွင်းနှင့်နိုင်ငံတကာ ဆိပ်ကမ်းများကို ချိတ်ဆက်၍ နိုင်ငံတော်အတွက် ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို အားဖြည့်ဝန်ဆောင်မှု ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းအချို့၊ အဓိကလေဆိပ်ကြီး နှစ်ခု၊ ဆက်သွယ်ရေးစနစ်တို့ ချွတ်ယွင်းမှုနှင့် ရေလမ်းကြောင်းပိတ်ဆို့မှုစသည့်ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်လျက် ပြန်လည်အသုံးပြုနိုင်ရေးကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားပြင်း ငလျင်ဒဏ်ကြောင့် နိုင်ငံ၏ အဓိကလေဆိပ် ကြီး နှစ်ခု ဖြစ်သော နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရထားလမ်းပိုင်းအချို့ နေရာများ၌ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သောကြောင့် ပို့ဆောင်ရေးလုပ်ငန်းများ ယာယီရပ်တန့်နေမှုနှင့် ဆက်သွယ်ရေးကွန်ရက်များ ယာယီချွတ်ယွင်းနေမှုတို့အပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် လူအင်အား၊ အရန်ပစ္စည်းများ၊ စက်ယန္တရားအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်မှုများကို အသုံးပြု၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း သတင်းထုတ်ပြန်ထားပြီး ဖြစ်သည်။




ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင်ရထားပို့ဆောင်ရေးကဏ္ဍ၌ ရန်ကုန် – မန္တလေးရထားလမ်းပိုင်းအတွင်း ထိခိုက်ပျက်စီးခဲ့သော ရထားလမ်းတာပေါင် ၆၀ နေရာနှင့် ရထားတံတား ၁၁ စင်းတို့အား မြန်မာ့မီးရထားက မြန်ဆန်စွာ ပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ဧပြီ ၃ ရက်တွင် ပဲခူး – တောင်ငူ လမ်းပိုင်းနှင့် နေပြည်တော်–သာစည် လမ်းပိုင်းတို့အတွင်း စာပို့ရထားတွဲဆိုင်း တစ်ဆိုင်း၊ ကုန်ရထားတွဲဆိုင်း လေးဆိုင်းတို့အသုံးပြု၍လမ်းကြံ့ခိုင်ရေး အခြေအနေ စမ်းသပ်ခြင်းကို ဆောင်ရွက်ထားပြီး ဖြစ်သည်။ ဆက်လက်၍ ဧပြီ ၄ ရက် ယနေ့တွင်လည်း နေပြည်တော်၊ တောင်ငူ ဘူတာများမှ လူစီးအစုန်ရထား တွဲဆိုင်း သုံးဆိုင်းတို့ဖြင့် ရန်ကုန်ဘက်သို့လည်းကောင်း၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း ဘူတာများမှ အဆန်လူစီးရထား တွဲဆိုင်းများဖြင့် မန္တလေးဘက်သို့ လည်းကောင်း ရထားအမြန်နှုန်း မောင်းနှင်နိုင်မှု အခြေအနေများကို ပြေးဆွဲစမ်းသပ်ခဲ့ပြီး လမ်းပိုင်းများ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရသောကြောင့် ဧပြီ ၅ ရက်မှစ၍ ရန်ကုန်–နေပြည်တော်–မန္တလေး လမ်းပိုင်းအတွင်း ပြေးဆွဲပေးနေသော လူစီးရထားများဖြစ်သည့် အမှတ် (၇) အဆန် DEMU ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ (၈) အစုန် DEMU ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ည ၇ နာရီခွဲတွင်လည်းကောင်း၊ (၂၈) အစုန်လေအိတ်ရထားသည် မန္တလေးမှနံနက်၆နာရီတွင်ထွက်ခွာ၍ နေပြည်တော်သို့ မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ အမှတ် (၂၇) အဆန်လေအိတ်ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာ၍ မန္တလေးသို့ ည ၇ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၁၁) အဆန် ရထားသည် ရန်ကုန်မှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ မန္တလေးသို့ ည ၈ နာရီ ၄၅ မိနစ်တွင်လည်း ကောင်း၊ (၁၂) အစုန်ရထားသည် မန္တလေးမှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ ည ၉ နာရီခွဲတွင် လည်းကောင်း အသီးသီး စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်များကို ဘူတာရုံများ၊ လက်မှတ် အရောင်းနေရာများတွင် ကြိုတင်ရောင်းချပေးလျက်ရှိသည်။

လေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၏ ချွတ်ယွင်းပျက်စီးသည့် လေယာဉ်ပြေးလမ်းအား ပြုပြင်မွမ်းမံမှု အမြန်ဆုံးဆောင်ရွက်ခဲ့ပြီးနောက် ဧပြီ ၂ ရက်မှ စတင်၍ ကယ်ဆယ်ရေး လေယာဉ် ခရီးစဉ်များအတွက် ပြန်လည်အသုံးပြုနေပြီဖြစ်သကဲ့သို့ ပြည်တွင်းလေကြောင်း ခရီးစဉ်များကိုလည်း ဧပြီ ၄ ရက်ယနေ့တွင် ပြန်လည်ခွင့်ပြုပြီးဖြစ်သောကြောင့် ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ် ၁၂ ခေါက်ဖြင့် စတင်ပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။ အလားတူပင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် လေကြောင်းထိန်းသိမ်းရေးစနစ်နှင့်လေကြောင်း ဆက်သွယ်ရေး စနစ်ဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်တပ်ဆင်မှု ပြီးစီးပြီဖြစ်သောကြောင့် မတ် ၂၉ ရက်မှစ၍ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များအတွက် ပြန်လည်ဖွင့်လှစ်အသုံးပြုနေပြီဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဧပြီ ၄ ရက်ယနေ့တွင် လေယာဉ်ကွင်းရှိ ခရီးသည်ဆိုင်ရာ Facilities လိုအပ်ချက်များအား ကြည့်ရှုစစ်ဆေးထားပြီးဖြစ်၍ ဧပြီ ၅ ရက် နံနက်ပိုင်းမှ စတင်ပြီး ပြည်တွင်းလေကြောင်း ခရီးစဉ်များကိုလည်း ပြန်လည် စတင်ပြေးဆွဲပေးနိုင်တော့ မည်ဖြစ်သည်။

*စာမျက်နှာ ၁၃ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ တက်ရောက်



**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည့် အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာနလက်အောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများမှ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း(ရေကြောင်း)ဆုရ အရာရှိလောင်း မင်းထက်မောင်မောင်၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ) ဆုရ အရာရှိလောင်း စိုင်းကောင်းထက်ကျော်၊ စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ) ဆုရ အရာရှိလောင်း ရဲသူရဇော်၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ကောင်းဇင်သူ၊ အင်ဂျင်နီယာ အရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ရှိုင်းမင်းအောင်၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ဟိန်းမြတ်စန်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး ထူးချွန်ဆုရ အရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားကာ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းဆင်းအရာရှိလောင်းများနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်သည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၆) ၌ ရေကြောင်းအရာရှိလောင်း ၁၂၃ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၁၂၁ ဦး၊ ရေကြောင်းလျှပ်စစ် နည်းပညာအရာရှိလောင်း ၃၇ ဦး စုစုပေါင်း ၂၈၁ ဦးတို့ တက်ရောက်အောင်မြင်ခဲ့သည်။ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ၆၂ နှစ်တာကာလအတွင်း ရေကြောင်းအရာရှိ ၈၇၄၉ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၃၅ ဦးနှင့် အခြားအဆင့်သင်တန်းသားပေါင်း ၁၅၉၃၇၉ ဦး နှင့်ရေကြောင်းအရာရှိလောင်း၊ ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း၊ ရေကြောင်းလျှပ်စစ် နည်းပညာအရာရှိလောင်း ၅၈၄၆ ဦး ဖြစ်ပြီး ရေကြောင်းဘက် ဆိုင်ရာ ကျွမ်းကျင်သူ စုစုပေါင်း ၂၈၂၀၀၅ ဦးတို့ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ သင်တန်း ပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး (Captain) အဆင့် ၇၁၉ ဦး၊ ကုန်းပတ်အရာရှိချုပ် (Chief Officer)အဆင့် ၆၉၅ ဦး၊ ဒုတိယတန်းကုန်းပတ်အရာရှိ (Second Officer)အဆင့် ၆၄၃ ဦး၊ တတိယတန်းကုန်းပတ် အရာရှိ (Third Officer) အဆင့် ၈၅၂ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer)အဆင့် ၆၈၀၊ ဒုတိယတန်းစက်မှုလက်မှုအရာရှိ (2nd Engineer)အဆင့် ၆၆၉ ဦးနှင့် တတိယတန်း စက်မှုလက်မှုအရာရှိ (3rd Engineer)အဆင့် ၁၅၃၀ တို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

ရေကြောင်း ပို့ဆောင်ရေး ကဏ္ဍအနေဖြင့် မန္တလေး-စစ်ကိုင်း လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ)၏ ခုံးတံတားသံပေါင်အချို့ ပြိုကျပျက်စီးခဲ့သောကြောင့် သွားလာမှု ယာယီပြတ်တောက်နေခြင်းအား တစ်ဖက် တစ်လမ်းမှ အဆင်ပြေစေရေးအတွက် မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းသို့ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဌာနပိုင်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင် ကုန်တင်တွဲဆွဲရေယာဉ်ကြီးများဖြင့် ကုန်တင်မော်တော်ယာဉ် ကြီးများနှင့် ကယ်ဆယ်ရေး လုပ်ငန်းသုံးယန္တရားကြီးများအား အခမဲ့ မြစ်ကူးပို့ဆောင်ခြင်းကို မတ် ၃၁ ရက်မှ ဧပြီ ၃ ရက်အထိ လေးရက်အတွင်း စုစုပေါင်း ခရီးသည် ၈၆၉ ဦး၊ ကုန်တင်ယာဉ်ကြီး/ယန္တရားစီးရေ၄၆၁စီး၊ မော်တော်ယာဉ်ငယ် ၂၂၂ စီးနှင့် မော်တော်ဆိုင်ကယ် ၁၂ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ဆက်သွယ်ရေး ကဏ္ဍအနေဖြင့် ငလျင်ဒဏ်ထိခိုက်ခံခဲ့ရသည့် နယ်မြေများအတွင်း၌ ငလျင်ဒဏ်ကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ တို့ ဆက်သွယ်ရေးပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရာ မိုဘိုင်းအော်ပရေတာများက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နေမှုကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း ၄၅၀၀ ပြန်လည် ကောင်းမွန်လာပြီဖြစ်သည်။ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးနယ်မြေတို့အတွင်း အရေးကြီးနေရာများ၌ ယာယီရွေ့လျား ဆက်သွယ်ရေးတိုင်များ စီစဉ်ပေးခြင်း၊ မတ် ၂၉ ရက်မှ ဧပြီ ၁၀ ရက်အထိ ကာလအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု တူညီသည့် မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့ခွင့်တို့ကို စီစဉ်ဆောင်ရွက်ထားရှိသည်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး အချိန်နှင့်တစ်ပြေးညီစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ရုံးလုပ်ငန်းစဉ်များ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ထမ်းများကို အားပေးစကားပြောကြား



**နေပြည်တော် ဧပြီ ၄**

ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရုံးအမှတ်(၅၁)ရှေ့ ကွင်းပြင်တွင် ဦးစီးဌာနအလိုက် ရုံးလုပ်ငန်းစဉ်များ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ထမ်းများအား တွေ့ဆုံအားပေးကာ ဝန်ကြီးရုံး အဆောက်အအုံအတွင်းမှ စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ရွှေ့ပြောင်းနိုင်ရန် လာရောက် လုပ်အားပေးသည့် အရာရှိစစ်သည်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက အားပေးစကားပြောကြားရာတွင် ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပတွင်ရှိသော မြန်မာလုပ်သားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်အသီးသီးတွင် ဖြစ်ပေါ်လေ့ရှိသော အခက်အခဲများကို နေ့စဉ်ဝန်ဆောင်မှုပေးနေရသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံ ထိခိုက်မှုများရှိသော်လည်း ရုံးလုပ်ငန်းများကို စဉ်ဆက်မပြတ် အမြန်ဆုံး ပြန်လည်လုပ်ကိုင်နိုင်ရန် အရာထမ်း၊ အမှုထမ်းများအားလုံး စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အခက်အခဲများကြားမှ ရုန်းထနိုင်မှုသည် တစ်ဦးချင်းစီ၏ အရည်အချင်းရှိမှု၊ မိမိတာဝန်ကို ကျေပွန်လိုစိတ်ရှိမှုတို့ကြောင့် ဖြစ်ကြောင်း၊ ကျန်ရှိသည့် ရုံးလုပ်ငန်းသုံးကိရိယာများ၊ စက်ပစ္စည်းများကို မော်တော်ယာဉ်ရပ်နားနေရာသို့ သယ်ယူပြီး အမြန်ဆုံး ရုံးလုပ်ငန်းစဉ်များလည်ပတ်နိုင်ရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မှီခိုသူမိသားစုဝင်များအတွက်လည်း ယာယီစခန်းများတွင် နေရာချထားမှုများအား စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း၊ အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိသဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်အားငယ်မှုမရှိကြရန်နှင့် အခက်အခဲများရှိပါက ဌာနအကြီးအကဲများမှ တစ်ဆင့် သတင်းပို့တင်ပြပေးရန် လိုအပ်ကြောင်း၊ မတော်တဆ ထိခိုက်မှုများရှိပါက မေးခိုင်ကာကွယ်ဆေး ချက်ချင်းထိုးကြရန်နှင့် ကျန်းမာရေးကို ဂရုစိုက်ကြရန်လိုအပ်ကြောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးမှ တပ်မတော်သားအရာရှိ စစ်သည်များအနေဖြင့် ရဲဝံ့စွာဖြင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို သယ်ထုတ်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အန္တရာယ်မရှိစေရေး ဂရုပြုဆောင်ရွက်ရန် သတိပေးလိုကြောင်း ပြောကြားသည်။

ငလျင်ဘေးဒဏ်သင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံမှ ရုံးလုပ်ငန်းသုံး စာရွက်စာတမ်းများ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ရုံးခန်းယာယီဖွင့်လှစ်မည့်နေရာ ကားရပ်နားကွင်းသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်သားများနှင့်အတူ ဝန်ထမ်းများပူးပေါင်း၍ သယ်ယူဆောင်ရွက်ခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆောက်အအုံကွဲ့ခိုင်မှု စစ်ဆေးရေးအဖွဲ့နှင့်အတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ကြီးဌာန အဆောက်အအုံများနှင့် လူမှုဖူလုံရေးအဖွဲ့ အဆောက်အအုံများအား တိုင်းတာစစ်ဆေးခြင်းကို လိုက်လံကြည့်ရှုခဲ့သည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် အလှူရှင်များက စောင်၊ ခြင်ထောင်၊ ယာယီမိုးကာတဲများနှင့် လိုအပ်သောပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ ငလျင်ဘေးဒဏ်သင့်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအား စောင်နှင့် ခြင်ထောင်များကို ပြန်ကြားရေးဝန်ကြီးဌာနရုံး၌ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့လှူဒါန်းစဉ် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရအဖွဲ့ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ဒါရိုက်တာ Mr. Wang Nan He က ယူနန်ပြည်နယ်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ ပြင်းထန်သောငလျင်ဒဏ်ကို ခံစားရပြီး ပြည်သူများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဥစ္စာပစ္စည်းများ ဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့သည့်အတွက် မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းမိပါကြောင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးထံ စောင်နှင့်ခြင်ထောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် CITIC Myanmar မှ တာဝန်ရှိသူက မိသားစုခြောက်ဦး နေထိုင်နိုင်သည့် ယာယီမိုးကာတဲ ငါးလုံးကို ဒုတိယဝန်ကြီး ဦးရဲတင့်ထံ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများသည် လှူဒါန်းထားသည့်ပစ္စည်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီအခြေပြုနေထိုင်လျက်ရှိကြသည့် နေရာများသို့သွားရောက်၍ ပစ္စည်းများ ဖြန့်ခွဲပေးအပ်ပြီး လတ်တလောလိုအပ်နေသည့် မီးရရှိရေးအတွက် ဆိုလာမီးများ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် လှူဒါန်းသည့် စောင်နှင့် ခြင်ထောင်များ လက်ခံရယူစဉ်။

ယမန်နေ့ ညနေပိုင်းကလည်း Channel 8 Myanmar Holding Co.,Ltd နှင့် အလှူရှင်များက အိပ်ရာခင်း ၂၀၀၊ မွေ့ရာ ၃၀၊ ခြင်ဆေးဘူး ၁၀၀၊ 1 liter ရေသန့်ဘူး ၂၄၀၀၊ Royal-D ၇၂ လုံး၊ ဆိုလာမီးအိမ်အလုံး ၆၀ နှင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၁၅ မျိုးတို့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများထားရှိမည့် ယာယီတည်းခိုရေးစခန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင်များအား ထားရှိသည့် ယာယီတည်းခိုရေးစခန်းများနှင့် အိမ်ရာများကို ယမန်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးထားသည့် ဆပ်ကော်မတီ(၆)ရပ်၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ညွှန်ကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ Myanmar Secure Group (MSG) Company Limited ဝင်းအတွင်းရှိ ယာယီတည်းခိုရေးစခန်း အမှတ်(၂)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဖြန့်ဝေနိုင်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြေငလျင်ဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းနှင့် မိသားစုများအား သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ(ဝဲပုံ) သတ်မှတ်ထားသည့် တည်းခိုရေးစခန်းများသို့ ဆောလျင်စွာ ပြောင်းရွှေ့ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ju Lia (Hnin Yati" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ သဃ်န်းကုန်းရပ်ကွက်နေ နှင်းနှင်းအေး(ခ) နှင်းရတီအား ညနေ ၄ နာရီခွဲတွင် သုံးဆယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တူကီယဲနိုင်ငံမှ စေတနာရှင်အဖွဲ့များက ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၄**

GEA SEARCH AND RESCUE TURKEY အဖွဲ့နှင့် G.A.F ကင်းထောက်အဖွဲ့တို့မှ အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနများမှ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အိမ်ထောင်စု ၁၂၀ အတွက် Family Kit များ ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် နေပြည်တော်အတွင်း ငလျင်ဘေးဒဏ် ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ ပရဟိတ အသင်းအဖွဲ့များက ယာယီနေထိုင်ရာ နေရာများသို့ သွားရောက်၍ ရွက်ဖျင်တဲများ၊ စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ခေါက်ဆားထုပ်များ၊ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဆေးဝါးများနှင့် အသုံးဆောင်များကို လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ငလျင်ဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ယာယီတဲတည်ဆောက်မှု အမြန်ဆုံးပြီးစီးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၄

**မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးအန္တရာယ် နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center–DMC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၅ ကို ယနေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ ကျင်းပသည်။**

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင် ၇၈ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း၊ ယခုအခါ ငလျင်လှုပ်ခတ်မှု အကြိမ်အရေအတွက်နှင့် ပြင်းအားလျော့ကျလာပြီ ဖြစ်ကြောင်း၊ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့်ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၆၅၃ ဦး အသက်ရှင်လျက် ကယ်ဆယ်နိုင်ပြီး Dead Body ၆၄၀ ရှာဖွေနိုင်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ရန် လုပ်ငန်းစဉ်အဆင့် ၅၊ Level 5 ကြေညာထားပါကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူများနေထိုင်တာဝန် ထမ်းဆောင်ရန် အခက်အခဲရှိသဖြင့် မိုးမကျမီ ယာယီအမိုးအကာအောက်သို့ရောက်ရှိရေး အမြန်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆောက်အအုံများကို ထိခိုက်ပျက်စီးမှုပမာဏအလိုက် အနီရောင်၊ အဝါရောင်နှင့် အပြာရောင်ဟူ၍ အဆင့်သုံးမျိုး ခွဲခြားစစ်ဆေးပေးရန်လိုကြောင်း၊ ယာယီအဆောက်အအုံများအဖြစ် Assembled Board House – ABH များ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံ၊ လမ်းတံတား ကဏ္ဍအလိုက် ပြုပြင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ပေးကြစေလိုပါကြောင်း မှာကြားသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)က ရုံးအဆောက်အအုံ၊ ဆေးရုံများနှင့် ဝန်ထမ်းအိမ်ရာများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့မှ ဦးဆောင်၍ ချက်ချင်းစစ်ဆေးပေးရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီများနှင့် အလှူပစ္စည်းစာရင်းများအား စနစ်တကျဖြန့်ခွဲနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဥတ္တရသိဒ္ဓိ၊ ဓနသိဒ္ဓိနှင့် ဇလသိဒ္ဓိမြို့နယ်တို့အတွင်းရှိ အားကစားကွင်းငါးကွင်းတွင် ယာယီတဲများ တည်ဆောက်နေမှု၊ ရေမီး၊ မိလ္လာကိစ္စများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** အမြန်ပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သဘာဝဘေးဒဏ်ကြောင့် ငလျင်ဘေးဒဏ် ခံစားခဲ့ရသော ဝန်ထမ်းများနှင့် မိသားစုများသို့ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သဘာဝဘေးဒဏ်ကြောင့်သေဆုံး/ဒဏ်ရာရနှင့် ငလျင်ဘေးဒဏ် ခံစားခဲ့ရသော ဝန်ထမ်း/ မိသားစုများသို့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း စားရိပ်သာဆောင်၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများမှ ထိခိုက်ပျက်စီးမှုများသူများအား ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သရွေ့ ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း နိုင်ငံတော်မှလည်း ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်တွင်း/ပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများ၏ ကူညီလှူဒါန်းမှုများဖြင့်လည်း အတတ်နိုင်ဆုံး ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငလျင်ဘေးသင့် ဝန်ထမ်းနှင့် ဝန်ထမ်း မိသားစုများ ယာယီ နေထိုင်နိုင်ရန်အတွက် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ဗဟိုသင်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း ရေအား လျှပ်စစ်ဝင်းတို့တွင် ယာယီစုစည်း၍ နေရာချထား ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အဆင်ပြေစွာဖြင့် မိုးလုံလေလုံ နေထိုင်နိုင်ရန် ထပ်မံလိုအပ်မည့် ယာယီတဲများ၊ ယာယီသန့်စင်ခန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများကလည်း မိမိတို့ ယာယီနေထိုင်ရာ ပတ်ဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်စွာဖြင့် စည်းကမ်းရှိရှိ စည်းလုံးညီညွတ်စွာ စနစ်တကျ နေထိုင်သွားကြရန်နှင့် အခက်အခဲများ ရှိပါကလည်း တာဝန်ရှိသူများထံ တင်ပြပြီး တာဝန်ရှိသူများကလည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အပြည့်အဝ ရုံးတက်ရောက်နိုင်ရေးအတွက် ရုံးအဆောက်အအုံများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများ အနေဖြင့်လည်း နေထိုင်မှုအဆင်ပြေပါက ရုံးတက်ရောက်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်နှင့်ဝန်ကြီးဌာနမှလည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သေဆုံးသူဝန်ထမ်းနှစ်ဦး၊ သေဆုံးသူမှီခို ၂၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်း ၁၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူမှီခို ၁၄ ဦးနှင့် တိုက်ပြိုကျပျက်စီး၍ ပစ္စည်းလုံးဝမရရှိသူ ဝန်ထမ်း ၄၈ ဦးတို့အား အဝတ်အထည်၊ အသုံးအဆောင် ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဧပြီ ၄**

အဖွဲ့ဝင် ၅၅ ဦးလိုက်ပါလာသော ဘင်္ဂလားဒေ့ရှ် ကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ အဖွဲ့သည် ငလျင်ဒဏ်ခံစားခဲ့ရသော မြန်မာပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ကြသည်။

စီ ၁၃၀ ဂျေ အမျိုးအစား လေယာဉ်နှစ်စင်းနှင့် CASA C 295W လေယာဉ်တစ်စင်းတို့သည် ဆေးပစ္စည်းနှင့် ဆေးဘက်ဆိုင်ရာ ထုတ်ကုန် ၄ ဒသမ ၂ မက်ထရစ်တန်အပါအဝင် ယာယီတဲများ၊ အစားခြောက်ထုပ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပစ္စည်း ၁၅ မက်ထရစ်တန်တို့ကို တင်ဆောင်လာခဲ့သည်။

ကယ်ဆယ်ရေးပစ္စည်းများအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဒေါက်တာ အမ် မွန်ဝါဟော့စိန်က နိုင်ငံခြားရေး ဝန်ကြီးဌာန သံအမတ်ကြီး ဦးကျော်ထွန်းထံ လွှဲပြောင်း ပေးအပ်ခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲသို့ သံရုံး ကာကွယ်ရေး အကြံပေးဗိုလ်မှူးချုပ် Md. Aftab Hossain BSP, ndc, afwc, psc, M Phil, PhD လည်း တက်ရောက်ခဲ့သည်။

မတ် ၃၀ ရက်အစောပိုင်းက ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ကယ်ဆယ်ရေးပစ္စည်း ၁၆ ဒသမ ၅ မက်ထရစ်တန်ကို ပထမ အသုတ်အနေဖြင့် လေယာဉ်နှစ်စင်းဖြင့် ပေးပို့ခဲ့သည်။

**သတင်းစဉ်**



# ငလျင်ဘေးဒဏ်သင့်နေရာများ၌ မီးသတ်ဦးစီးဌာန၏ ပြည်ပနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ဆောင်ရွက်ပေးမှု အခြေအနေ

| စဉ် | ရက်စွဲ | နိုင်ငံ/အဖွဲ့အစည်း | အင်အား(ဦးရေ) | ကယ်ဆယ်ရေးပစ္စည်းစာရင်း | တိုင်း/ပြည်နယ် | မြို့နယ် | ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည့် နေရာများ (၃၀-၃-၂၀၂၅ မှ ၄-၄-၂၀၂၅) | ကယ်ဆယ်ရရှိမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ရှင် | သေ | |
| ၁ | ၂၉-၃-၂၀၂၅ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ယူနန်) | (၃၇)ဦး | Life Detectors, TIC, Engine cytter, Hydraulic Rescue Tools | နေပြည်တော် | ဇမ္ဗူသီရိ | တိုက်အမှတ် ၁၁၀၉၊ ၁၃၀၇၊ ၁၀၂၀၊ ၂၃၈၇၊ ဥတ္တရသီရိ(ပင်လုံဆေးရုံ) | ၁ | ၂ | |
| ၂ | ၂၉-၃-၂၀၂၅ | စင်ကာပူနိုင်ငံ | (၈၉)ဦးနှင့် ခွေး(၄)ကောင် | Air Lifting Bags, Engine Cutter, Stablizer & Supporter, | နေပြည်တော် | ဇမ္ဗူသီရိ | အောင်သပြေရုပ်ရှင်ရုံ၊ သပြေကုန်း၊ တိုက်အမှတ် ၃၃၅၆၊ ၃၃၆၉၊ ၄၃၁၃၊ ပင်လုံဆေးရုံ | ၁ | ၄ | |
| ၃ | ၃၀-၃-၂၀၂၅ | ထိုင်းနိုင်ငံ | ၅၀ ဦး | Hammer, Bolt Cutter, Demolition Unit, Heart beat & Respiration detectors(MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | တိုက်အမှတ် ၂၂၀၆၊ ၂၂၀၄၊ ၄၃၀၇၊ ၄၃၀၈၊ အသက်ရှင်ကျန်ရှိနေသူများအား ရှာဖွေခဲ့ | | ၃ | |
| ၄ | ၃၀-၃-၂၀၂၅ | ဗီယက်နမ်နိုင်ငံ | ၁၀၆ ဦး၊ ခွေး ၈ ကောင် | Life detectors(locate, visualize & communicate), Heart beat & Respiration detectors(MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | တိုက်အမှတ် ၂၃၈၆၊ ၂၃၈၇၊ ၂၃၆၇ အသက်ရှင်ကျန်ရှိသူများမရှိသဖြင့် သေဆုံးနေသူများအား ကယ်ထုတ်ပေးလျက်ရှိ | | ၇ | |
| ၅ | ၃၀-၃-၂၀၂၅ | ရုရှားနိုင်ငံ | (၁၂၀+၄၇)ဦး ခွေး(၂) ကောင် | Thermal Imaging Camera, Motion Detector(Sentry), Warning(WASP) | မန္တလေး | မဟာအောင်မြေ | Great wall hotel | ၁ | ၆ | တရုတ်(ပေကျင်း)ပါ |
| ၆ | ၃၀-၃-၂၀၂၅ | တရုတ်နိုင်ငံ(ပေကျင်း) (Air China) | (၂+၈၂)ဦး ခွေး(၄) ကောင် | Positive Pressure Ventilation, Portable light sources, Confined Space Rescue Kit | မန္တလေး | အောင်မြေသာစံ | Sky Villa | | | |
| ၇ | ၂၉-၃-၂၀၂၅ | တရုတ်နိုင်ငံ၊ Blue Sky Resuce Team | ၈၂ ဦး + ၄၈ ဦး + ၁၆ ဦး၊ ၁၆၆ ဦး | Air Lifting Bags, Engine Cutter, Stablizer & Supporter | မန္တလေး | အောင်မြေသာစံ | Sky Villa | ၂ | ၁၄ | |
| ၈ | ၃၀-၃-၂၀၂၅ | တရုတ်(ဟောင်ကောင်) HK Rescue Team | (၅၁)ဦး | PPE(Head Protection, Eye Protection, Respiratory Protection (BA), Suit, Boot, Harness, head lamp) | မန္တလေး | ချမ်းအေးသာစံ | ဦးလှသိန်းဗိမာန်၊ Sky Villa | | | |
| ၉ | ၃၁-၃-၂၀၂၅ | တရုတ်(China International Team) | ၁၁၈ ဦး | Portable light sources, Confined Space Rescue Kit | မန္တလေး | | Sky Villa | | | |
| ၁၀ | ၃၁-၃-၂၀၂၅ | အိန္ဒိယနိုင်ငံ | Rescue Team (၈၀)ဦး Medical Team (၁၂၀)ဦး | Hydraulic Rescue Tools, Air lifting Bags, Engine Cutter, Stablizer & Supporter, Hammer | မန္တလေး | ချမ်းအေးသာစံ | (၁) ၁၅ x ၁၆ လမ်း၊ ၈၆ x ၈၇ ကြား<br>(၂) ၁၁ လမ်းနှင့် ၈၁ လမ်းထောင့်<br>(၃) ၁၈ လမ်း၊ ၈၀ x ၈၁ လမ်းကြား<br>(၄) ၈၇ လမ်း၊ ၂၃ x ၂၄ လမ်းကြား | | ၁၁ | |
| ၁၁ | ၃၁-၃-၂၀၂၅ | မလေးရှား (AHA Centre) | ၅၀ ဦး | detectors(locate, visualize & communicate), Heart beat & Respiration detectors (MK-4) | စစ်ကိုင်း | စစ်ကိုင်း | မြတ်ကိုယ်ပိုင်ကျောင်း၊ ခရိုင်ပြန်/ဆက်ရုံး | | ၆ | |
| ၁၂ | ၁-၄-၂၀၂၅ | လာအို | ဆေးဝန်ထမ်း ၂၄ ဦး | ဆရာဝန် ၁၁ ဦး၊ အကူ ၁၃ ဦး | မန္တလေး | | | | | ဆေးပစ္စည်းမျိုးစုံပါ |
| ၁၃ | ၁-၄-၂၀၂၅ | UAE အာရပ်စော်ဘွားများ သမ္မတနိုင်ငံ(အာဘူဒါဘီ) | ၃၉ ဦး၊ ခွေး ၇ ကောင် | detectors(locate, visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | | | | | |
| ၁၄ | ၁-၄-၂၀၂၅ | ဘယ်လာရုစ်သမ္မတနိုင်ငံ | ၃၃ ဦး | detectors(locate, visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | | လေဆိပ်တာဝါ | | | |
| ၁၅ | ၁-၄-၂၀၂၅ | တူကီယဲ(တူရကီ) | ၁၃ ဦး | detectors(locate, visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | ပုဗ္ဗသီရိ | အေးချမ်းသာဟိုတယ် | ၁ | | |
| ၁၆ | ၂-၄-၂၀၂၅ | တူကီယဲ၊ ဗီယက်နမ် | ၂၀ + ၂၃ ဦး | detectors(locate, visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | ပုဗ္ဗသီရိ | ဟိုတယ်အေးချမ်းသာ | ၁ | | |
| ၁၇ | ၂-၄-၂၀၂၅ | တရုတ်(ပေကျင်း)+ တရုတ် Blue Sky | ၃၂+၂၈ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | ချမ်းအေးသာစံ | Golden Country Hotel | ၁ | | |
| ၁၈ | ၃-၄-၂၀၂၅ | အင်ဒိုနီးရှား | ၇၇ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | (တိုက် ၄၃၀၈၊ ၄၃၁၃) | | ၃ | |
| ၁၉ | ၃-၄-၂၀၂၅ | တရုတ်(ယူနန်) | ၂၅ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | ၂၃၇၆ | | ၁ | |
| ၂၀ | ၃-၄-၂၀၂၅ | တူကီယဲ၊ ဗီယက်နမ် | ၃၅ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | ၂၂၀၄ | | ၁ | |
| ၂၁ | ၃-၄-၂၀၂၅ | တရုတ်(ယူနန်) | ၂၀ ဦး | detectors(locate,visualize & communicate),Heart beat& Respiration detectors(MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | ၁၃၃၈ | | ၁ | |
| ၂၂ | ၃-၄-၂၀၂၅ | ဗီယက်နမ် | ၃၅ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဥတ္တရသီရိ | ပင်လုံဆေးရုံ | | | |
| ၂၃ | ၃-၄-၂၀၂၅ | ဖိလစ်ပိုင် | ၅၈ ဦး | detectors(locate,visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | ပုဗ္ဗသီရိ | Jade City Hotel | | | |
| ၂၄ | ၃-၄-၂၀၂၅ | မလေးရှား | ၅၀ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | စစ်ကိုင်း | စစ်ကိုင်း | မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း | | ၁ | |
| ၂၅ | ၃-၄-၂၀၂၅ | တရုတ်(ပေကျင်း)+ တရုတ် Blue Sky | ၂၀+၂၇ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | အောင်မြေသာစံ | Sky Villa ၁၂ ထပ် | | ၁၀ | |
| ၂၆ | ၃-၄-၂၀၂၅ | အိန္ဒိယ | ၁၇ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | အောင်မြေသာစံ | ၁၅ x ၁၆၊ ၈၆ | | ၅ | |
| ၂၇ | ၃-၄-၂၀၂၅ | ရုရှား | ၄၀ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | Tulip တည်းခိုခန်း | | ၂ | |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၂၈ | ၃-၄-၂၀၂၅ | ရုရှား | ၇ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | အဝေရာ ရာမကျောင်းတိုက် | | ၁ | |
| ၂၉ | ၃-၄-၂၀၂၅ | ဟောင်ကောင် | ၂၀ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | Win Star Hotel | | ၁ | |
| ၃၀ | ၃-၄-၂၀၂၅ | ရုရှား | ၁၁ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | ဆိုင်ကယ်ဆိုင် | | ၂ | |
| ၃၁ | ၃-၄-၂၀၂၅ | တရုတ် Blue Sky | ၁၅ ဦး | detectors(locate,visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | ချမ်းမြသာစည် | Paragon Hotel | | ၁ | |
| ၃၂ | ၃-၄-၂၀၂၅ | အိန္ဒိယ | ၂၀ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | မန္တလေး | ချမ်းအေးသာစံ | သာသနာ့ဗိမာန် | | ၈ | |
| ၃၃ | ၃-၄-၂၀၂၅ | အင်ဒိုနီးရှား | ၇၇ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | တိုက် ၄၃၁၃ | | ၁ | |
| ၃၄ | ၃-၄-၂၀၂၅ | ဗီယက်နမ်+ UAE | ၃၅ + ၃၉ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဥတ္တရသီရိ | ပင်လုံဆေးရုံ | | ၃ | |
| ၃၅ | ၃-၄-၂၀၂၅ | ဘင်္ဂလားဒေ့ရှ် | ၁၅ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | တိုက် ၁၃၃၈ | | ၁ | |
| ၃၆ | ၃-၄-၂၀၂၅ | အင်ဒိုနီးရှား + ဗီယက်နမ် + ဖိလစ်ပိုင် | ၁၅ + ၂၅+ ၂၀ ဦး | detectors(locate,visualize & communicate),Heart beat & Respiration detectors (MK-4) | နေပြည်တော် | ပုဗ္ဗသီရိ | Jade City Hotel | | ၁ | |
| ၃၇ | ၃-၄-၂၀၂၅ | ဗီယက်နမ် | ၃၅ ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | နေပြည်တော် | ဇမ္ဗူသီရိ | တိုက် ၂၂၀၄ | | ၁ | |
| ၃၈ | ၃-၄-၂၀၂၅ | အိန္ဒိယ | ၂၀ ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | ချမ်းအေးသာစံ | သာသနာ့ဗိမာန် | | ၃ | |
| ၃၉ | ၃-၄-၂၀၂၅ | တရုတ်(ပေကျင်း)+ Blue Sky | ၂၀+၃၀ ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | ချမ်းအေးသာစံ | Golden Country Hotel | | ၁ | |
| ၄၀ | ၃-၄-၂၀၂၅ | ရုရှား | ၁၁ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | ချမ်းအေးသာစံ | ၇၄ လမ်း၊ ၂၈ x ၂၉ ကြား၊ မုဒြာဝင်း၊ တက်လမ်း ဆေးကျောင်းသားအဆောင် | | ၂ | |
| ၄၁ | ၃-၄-၂၀၂၅ | ရုရှား | ၁၈ ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | ချမ်းအေးသာစံ | တိမ်ဖြူဟိုတယ် | | ၂ | |
| ၄၂ | ၃-၄-၂၀၂၅ | ဘီလာရုစ် | ၁၁ ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | ချမ်းအေးသာစံ | ၂၈ A၊ ၇၃ x ၇၄လမ်း၊ မောက်မယ်ဝင်း ဘုန်းကြီးကျောင်း | | ၂ | |
| ၄၃ | ၃-၄-၂၀၂၅ | တရုတ်(ပေကျင်း)+ Blue Sky | ၂၀+၃၀ဦး | detectors(locate,visualize& communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | အောင်မြေသာစံ | Sky Villa ၁၂ ထပ် | | ၅ | |
| ၄၄ | ၃-၄-၂၀၂၅ | အိန္ဒိယ | ၁၇ ဦး | detectors(locate,visualize & communicate), Heart beat & Respiration detectors(MK-4) | မန္တလေး | အောင်မြေသာစံ | ၁၅ x ၁၆ လမ်း၊ ၈၆ x ၈၇လမ်း၊ RC ၇ ထပ် | | ၈ | |
| ၄၅ | ၃-၄-၂၀၂၅ | ရုရှား | ၁၁ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | အောင်မြေသာစံ | ၉ လမ်း၊ ၈၀ A လမ်းထောင့်၊ လူနေအိမ်တိုက်ခန်း | | ၁ | |
| ၄၆ | ၃-၄-၂၀၂၅ | ဟောင်ကောင် | ၂၀ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | ၄၁၊ ၈၃ x ၈၄ လမ်း Win Star Hotel | | ၄ | |
| ၄၇ | ၄-၄-၂၀၂၅ | မလေးရှား | ၅၀ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | စစ်ကိုင်း | စစ်ကိုင်း | မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း | | ၆ | |
| ၄၈ | ၄-၄-၂၀၂၅ | အိန္ဒိယ | ၂၀ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | ချမ်းအေးသာစံ | သာသနာ့ဗိမာန် | | ၁၂ | |
| ၄၉ | ၄-၄-၂၀၂၅ | တရုတ်(ပေကျင်း)+ Blue Sky | ၄၇ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | အောင်မြေသာစံ | Sky Villa ၁၂ ထပ် | | ၁ | |
| ၅၀ | ၄-၄-၂၀၂၅ | အိန္ဒိယ | ၂၀ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | အောင်မြေသာစံ | ၁၅ x ၁၆၊ ၈၂ x ၈၆ RC ၆ ထပ် | | ၃ | |
| ၅၁ | ၄-၄-၂၀၂၅ | ရုရှား+BSR | ၁၄ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | Great Wall Hotel | | ၂ | |
| ၅၂ | ၄-၄-၂၀၂၅ | ရုရှား | ၁၄ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | မဟာအောင်မြေ | ၃၉ လမ်း၊ ၇၉ x ၈၀ လမ်းကြား၊ Tulip တည်းခိုခန်း | | ၂ | |
| ၅၃ | ၄-၄-၂၀၂၅ | တရုတ်+BSR | ၁၅ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | မန္တလေး | ချမ်းအေးသာစံ | ၆၅ B၊ ၁၀၇x၁၀၈ လမ်း၊ Paragon Hotel | | ၃ | |
| ၅၄ | ၄-၄-၂၀၂၅ | ဗီယက်နမ်+UAE | ၁၈၆ ဦး | detectors (locate, visualize & communicate), Heart beat & Respiration detectors (MK-4) | နေပြည်တော် | ဥတ္တရသီရိ | ပင်လုံဆေးရုံ | | ၁ | |
| စုစုပေါင်း | | | | | | | | ၈ | ၁၅၅ | |

*စာမျက်နှာ ၁၈ သို့*

# လျှော်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများမှ ယာယီရွှေ့ပြောင်းနေရာချထားသည့် ဝန်ထမ်းများနေထိုင်ရာနေရာများသို့ သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်



နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများမှ ယာယီရွှေ့ပြောင်းနေရာချထားသည့် ဝန်ထမ်းများ နေထိုင်ရာနေရာများသို့ သွားရောက်ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများပေးအပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ယာယီအခြေစိုက်စခန်းဖြစ်သော ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနနှင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ လည်းကောင်း ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ သွားရောက်ကြ၍ နေထိုင်စားသောက်မှုစနစ်တကျရှိစေရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရုံးဌာနများ သန့်ရှင်းရေး၊ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်စေရန် ရုံးတက်ရောက်ရမည့် အစီအမံများနှင့် အခြားသိသင့်သိထိုက်သည်များ ဆွေးနွေးမှာကြားကြပြီးနောက် ဝန်ထမ်းတစ်ဦးချင်းအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ လူပျိုဆောင်၊ အပျိုဆောင်များဖြစ်သည့် သဇင်ဆောင်နှင့် သပြေဆောင်များသို့ သွားရောက်၍ ဝန်ထမ်းများ၏ အိပ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ လက်ဝယ်အရောက် ပေးအပ်ကာ စည်းကမ်းပိုင်းဆိုင်ရာများ အလေးထားမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

KMH Generation Structural Design Group မှ

## ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ငလျင်ဘေးဒဏ်သင့်ဝန်ကြီးဌာနရုံး အဆောက်အအုံများ ပျက်စီးမှုနှင့် ကြံ့ခိုင်မှုအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

KMH Generation Structural Design Group မှ Structure Design Engineer ဦးကျော်မျိုးဟန် ဦးဆောင်သော ကျွမ်းကျင်ပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးဒဏ်သင့်ခဲ့သည့် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာနရုံး အဆောက်အအုံ ပျက်စီးမှုနှင့်ကြံ့ခိုင်မှု ရှိ/မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးရာ ပြန်ကြားရေးဝန်ကြီးဌာနရုံး အဆောက်အအုံ မြေညီထပ်ရှိ စုပေါင်းခန်းမကြီး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စီမံရေးရာ ဌာနရုံးခန်း၊ ငွေစာရင်းဌာန ရုံးခန်း၊ မြန်မာ့သတင်းစဉ်ရုံးခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံခန်း၊ စီမံ၊ ငွေစာရင်းနှင့် ထုတ်လုပ်ရေးရုံးခန်းများ၊ ဒုတိယထပ်ရှိ ဝန်ကြီးရုံး ပြည်တွင်း / ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ ရုံးခန်း၊ စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနခွဲ ရုံးခန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စီမံ၊ ငွေစာရင်းနှင့် ထုတ်လုပ်ရေးရုံးခန်းများ၊ ဌာနဆိုင်ရာအကြီးအကဲ ရုံးခန်းများ၊ ဝန်ကြီးဌာနစာကြည့်တိုက်၊ တတိယထပ်ရှိ ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းနှင့် ရုံးခန်း၊ ဒုတိယဝန်ကြီး၊ အတွင်းဝန်၊ ဒုတိယအတွင်းဝန်ရုံးခန်းများ၊ ဝန်ကြီးရုံး အုပ်ချုပ်စီမံရုံးခန်းများ၊ Myanmar Digital News ရုံးခန်း၊ Data Research Center ရုံးခန်းများ ပျက်စီးမှုနှင့် ကြံ့ခိုင်မှု ရှိ/မရှိ အခြေအနေများကို တစ်ခန်းချင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

KMH Generation Structural Design Group မှ ကျွမ်းကျင်ပညာရှင်များသည် အဖွဲ့နှစ်ဖွဲ့ဖြင့် မေ ၁ ရက်မှ ယနေ့အထိ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဟိုတယ်၊ ဝန်ကြီးဌာနရုံးနှင့် အိမ်ရာများအပါအဝင် အဆောက်အအုံပေါင်း ၃၀ ကျော်ကိုကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံ ကြံ့ခိုင်မှု ရှိ/မရှိ၊ နေထိုင်ရန် သင့်မသင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်မှု အခြေအနေများကို မှတ်ချက် ပြုပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် အဆောက်အအုံများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပြန်ကြားရေးဝန်ကြီးဌာနရုံး အဆောက်အအုံပျက်စီးမှုနှင့်ကြံ့ခိုင်မှု ရှိ /မရှိ အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

## ငလျင်ဘေးဒဏ်ခံဒေသများတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရေး လျင်မြန်တုံ့ပြန်အဖွဲ့များအား သင်တန်းပို့ချ

ရန်ကုန် မေ ၄

နိုင်ငံအတွင်း ငလျင်ဘေးဒဏ်ခံစားနေရသော နေရာဒေသများတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Regional Level Disaster Management Training for Rapid Response Team သင်တန်းကို မေ ၂ ရက်နှင့် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်း ဦးဆောင်သင်ကြားပေးပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဌာနခွဲများပူးပေါင်း၍ မေ ၂ ရက်တွင် ရန်ကုန်အရှေ့ပိုင်းနှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ Rapid Response Team အဖွဲ့ဝင် သင်တန်းသား ၁၈၁ ဦးကို လည်းကောင်း၊ မေ ၃ ရက်တွင် ရန်ကုန်အနောက်ပိုင်းနှင့် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ RRT အဖွဲ့ဝင် သင်တန်းသား ၁၂၁ ဦးကိုလည်းကောင်း သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

*စာမျက်နှာ ၁၇ မှ*

## မြေငလျင်ဘေးသင့်ဆေးရုံများ၏ ယာယီလူနာထားရှိမှုအခြေအနေ

| စဉ် | ဆေးရုံအမည် | ယာယီဖွင့်လှစ်ထားရှိကုသမှုပေးသည့်နေရာ | လူနာအမျိုးအစား | ဝင်ဆံ့ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | - အထူးကုဆေးရုံကြီး၊ အရိုး၊ နေပြည်တော်<br>- သွားရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်<br>- မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး | ရွှေကြာပင်အားကစားရုံ Camp | အရိုးလူနာ<br>သွားရောဂါလူနာ<br>မျက်စိရောဂါလူနာ | ၁၀၀ ဦး | တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်ကူးခြင်းကို Tent ဖြင့် ဆောင်ရွက်မည်။ |
| ၂ | ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနား | ပေါင်းလောင်း<br>ယာယီဆေးရုံ | အရိုးလူနာ<br>ထိခိုက်ဒဏ်ရာရလူနာ | ၇၀-၈၀ ဦး | |
| ၃ | သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော် | ကျောက်မျက်ရတနာခန်းမ မှန်ဆောင်၊<br>ဒက္ခိဏသီရိမြို့နယ် | မွေးကင်းစကလေးနှင့်<br>သားဖွားမီးယပ်လူနာ | ၅၀ ဦး | |
| ၄ | ကလေးရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော် | ဒက္ခိဏသီရိမြို့နယ်ဆေးရုံ | ကလေးလူနာ | ၅၀ ဦး | |
| ၅ | ပုဗ္ဗသီရိမြို့နယ်ဆေးရုံ | ပုဗ္ဗသီရိမြို့နယ်ဆေးရုံ | ဖျားနာလူနာ | ၃၅ ဦး | လူနာ (၃)ဦးရှိ |
| ၆ | နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင်-၁၀၀၀ | ဇေယျာသီရိမြို့နယ်ဆေးရုံ | ဖျားနာလူနာ<br>ခွဲစိတ်လူနာ<br>ကလေးလူနာ<br>သားဖွားမီးယပ်လူနာ | ၅၀ ဦး | ခုတင် ၁၀၀၀ ဆေးရုံဝန်ထမ်းများလည်း နေထိုင်ရန် စီစဉ်ပါမည်။ |

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် မေ ၄

**နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။**

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၉) မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Teamwork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

**ကျော်ရဲမင်း**

ဒီသင်တန်းမှာ ကျွန်တော် ပထမဆု (စံပြတပ်သားဆု)ကို ရရှိခဲ့ပါတယ်။ သင်တန်းကို ရောက်ရောက်ချင်းတော့ ကျွန်တော်တို့အကုန်လုံးက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ အစိမ်းသက်သက် ဖြစ်နေတာ။ တဖြည်းဖြည်းနဲ့ တစ်ပတ်လောက်ကြာမှ ကျွန်တော်တို့ နေသားကျလာတယ်။ အဲဒီအခါကျမှ သူငယ်ချင်းအသစ်တွေနဲ့ ကျွန်တော်တို့ ပျော်ရွှင်လာကြပါတယ်။ ကိုယ်တတ်တာလေးဆို သူတို့ကို ကူညီလိုက်၊ အချင်းချင်း နားမလည်တာရှိရင် နားလည်တဲ့သူက ကူညီလိုက်နဲ့ အဲလိုနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် ဖေးမရင်း၊ ကူညီရင်းနဲ့ သင်တန်းဆင်းတဲ့ရက်တောင် ရောက်လာပါပြီ။ ကိုယ့်အိမ်မှာ ကိုယ်နေတာနဲ့ တပ်မတော်နေတဲ့ ပုံစံနဲ့က ဘယ်လိုမှ မတူညီပါဘူး။ အိပ်တာ၊ စားတာကအစ အကုန်လုံး စည်းကမ်းနဲ့ပဲ သွားရပါတယ်။ နေချင်သလို နေလို့မရပါဘူး။ အကုန်လုံးကို စည်းကမ်းဘောင်ထဲမှာပဲ အတူတူထားပါတယ်။ စစ်ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့ရပြီး ပင်ပင်ပန်းပန်း သင်တန်းတက်ခဲ့ရပါတယ်။ အခု သင်တန်းဆင်းပြီဆိုတော့ တပ်ရင်း/ တပ်ဖွဲ့တွေမှာ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ကြရပါမယ်။ တပ်မတော်သား တစ်ယောက် ဖြစ်ပြီဆိုတော့ တာဝန်အပြည့်အဝ ထမ်းဆောင်ရတော့မယ်။ အဲဒီအတွက် ကျွန်တောတို့ ပျော်ရွှင်ပါတယ်။ သို့သော်လည်း သူငယ်ချင်းတွေနဲ့ ခွဲခွာရတော့မယ်ဆိုတော့ စိတ်ထဲတစ်မျိုးဖြစ်ပြီး ဝမ်းနည်းပါတယ်။ အတတ်နိုင်ဆုံးတော့ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားပြီး တာဝန်ထမ်းဆောင်သွားမှာပါ။ ပေးအပ်တဲ့အမိန့်ကို နာခံပြီး ကျရာတာဝန်ကို ထမ်းဆောင်သွားမှာပါ။ ဒီသင်တန်းတက်ဖို့ ဘာမှကြောက်စရာမရှိပါဘူး။ ပထမဆုံးနေသားကျဖို့ အချိန်ခဏ ယူရပါလိမ့်မယ်။ နေသားကျပြီး သွားရင်တော့ အဆင်ပြေသွားပါလိမ့်မယ်။

**ဇော်လင်း**

လုပ်ရည်ကိုင်ရည်နဲ့ ကျွန်တော့်ရဲ့စွမ်းဆောင်မှုတွေ အစကတော့ ကျွန်တော်တို့လည်း ဒါတွေသိပ်ပြီး နားမလည်တော့ မလုပ်တတ်ခဲ့ဘူး။ အဲတာကြောင့် ဆရာတွေ ဆုံးမတဲ့ စကားတွေနဲ့ ဆရာတွေ ကျွန်တော်တို့ကို သင်ကြားပေးတဲ့ သင်ခန်းစာတွေနဲ့ ပေါင်းစပ်ပြီး ကျွန်တော်တို့မှာရှိတဲ့ ဉာဏ်နဲ့ လုံ့လနဲ့ ကျွန်တော်တို့ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးစားပြီးလုပ်ခဲ့တယ်။ ဒီဆုကို ကျွန်တော်ကြိုးစားပြီး တော့ယူခဲ့တယ်။ အခု ကျွန်တော်တို့နေတာလည်း ကြာသွားပြီ တစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကိုလိုလည်း ဖြစ်သွားပြီ။ ဆရာတပည့် သားအဖတွေလိုလည်း ဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့ နေရထိုင်ရတာ အဆင်ပြေပါတယ်။ ပျော်ပါတယ်။ ကျွန်တော်တို့လည်း ဒီထဲမှာ နေသားကျနေပါပြီ။ စစ်မှုထမ်းဆောင်ဖို့ ကိုယ့်သဘောဆန္ဒနဲ့ ဝင်တာပါ။ နိုင်ငံတော်က ချပေးထားတဲ့ နှစ်နှစ်ဆိုတဲ့ဥပဒေ၊ ကျွန်တော်တို့ အဲဒီနှစ်နှစ်အတော အတွင်းမှာ မဖြစ်မနေလုပ်ရမယ်။ ကျွန်တော်တို့ ဒီနှစ်နှစ်ကို မရရအောင် ဖြတ်သန်းမယ်။ တပ်ရင်းရောက်သွားလည်း ကျွန်တော့်ကို ပေးတဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်။ ဒီတာဝန် ဒီနေရာကို သွားရမယ်ဆိုရင် ရောက်အောင်သွားမယ်။ ရအောင်လုပ်မယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ကျော်ရဲမင်း



ဇော်လင်း



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# စေတုတ္တရာမြို့နယ်အတွင်း ဆရာတော်၊ သီလရှင်များနှင့် အရပ်သားပြည်သူများ လိုက်ပါလာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးပြီး ဆရာတော်တစ်ပါး၊ သီလရှင်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဧပြီ ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အောင်နိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများသည် မော်တော်ယာဉ် နှစ်စီးဖြင့် မကွေးမြို့သို့ ဘုန်းတော်ကြီးကျောင်းအလှူကိစ္စ ဆောင်ရွက်ရန်အတွက်လိုအပ်သောဈေးပစ္စည်းများ သယ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်များပေါ်လိုက်ပါလာသည့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ပြီး ဆရာတော် တစ်ပါး၊ သီလရှင်တစ်ပါးနှင့် အမျိုးသမီး ခုနစ်ဦး ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်နိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ သီဟနန္ဒ ဦးဆောင်၍ သံဃာတော်တစ်ပါး၊ သီလရှင်တစ်ပါး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီးကိုးဦးတို့သည် မကွေးမြို့သို့ ဘုန်းတော်ကြီးကျောင်းအလှူကိစ္စဆောင်ရွက်ရန်အတွက် လိုအပ်သော ဈေးပစ္စည်းများ သယ်ဆောင်ရန် မော်တော်ယာဉ် နှစ်စီးဖြင့် စေတုတ္တရာ-ငဖဲ-ပဒါန်း - မင်းဘူး - မကွေး သွားကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာစဉ် ဧပြီ ၃ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် စေတုတ္တရာမြို့၏ အရှေ့တောင်ဘက် မီတာ ၁၆၀၀၀ ခန့်အကွာ အောက်ဝေါကျေးရွာ အနီးသို့ အရောက်၌ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ယာဉ်များပေါ်တွင်လိုက်ပါလာသည့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ပြီး ဆရာတော် တစ်ပါး၊ သီလရှင်တစ်ပါးနှင့် အမျိုးသမီးခုနစ်ဦး ပြင်းထန်သော ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

"ဗုံးပေါက်ကွဲတဲ့ အချိန်မှာ နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်နားက အနီးမှာ ကျွန်မက ရှိနေခဲ့တယ်။ သူတို့က ကျွန်မတို့ စေတုတ္တရာမြို့ရဲ့ လုံခြုံရေးကို ဆောင်ရွက်ပေးနေတာဖြစ်ပြီးတော့ မြို့ကလည်း အေးချမ်းသာယာနေတဲ့ မြို့လေးပါ။ ဒီအချိန်ကကျွန်မတို့ နိုင်ငံမှာ ပြင်းထန်လျင်ဖြစ်ပွားခဲ့တာကြောင့် ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေရတဲ့ ကာလပဲဖြစ်တယ်။ ပြီးတော့ ဒီလိုအရေးပေါ် အခြေအနေကာလမှာ တပ်မတော်ကလည်း လေးလပိုင်း ၂ ရက်ကနေ ၂၂ ရက်အထိကို ယာယီ အပစ်အခတ်ရပ်စဲရေးကာလအဖြစ် ကြေညာထားတယ်လို့ ကျွန်မကြားသိရပါတယ်။ ဒီလိုကာလကြီးမှာ အကြမ်းဖက်အဖွဲ့တွေက ဒီလိုအလစ်အငိုက် ပစ်ခတ် တိုက်ခိုက်တာတွေကိုတော့ ကျွန်မအနေနဲ့ မလုပ်သင့်ဘူးလို့ ထင်မြင်ယူဆမိတယ်။ ကျွန်မ ဒီလိုထိခိုက်ဒဏ်ရာရသွားလို့လည်း မဟုတ်ပါဘူး။ ဒါဟာ ဘယ်လိုပဲဖြစ်ဖြစ် လုပ်သင့်တဲ့ လုပ်ရပ်မဟုတ်ဘူးလို့ ထင်ပါတယ်။ လူသားချင်းစာနာစိတ်နဲ့ နိုင်ငံအပေါ်ချစ်စိတ်မွေးဖို့ ပြောကြားလိုပါတယ်"ဟု ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အထက်ပါဖြစ်စဉ်မှ သေဆုံး/ဒဏ်ရာရရှိခဲ့သူများအား စေတုတ္တရာလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် စေတုတ္တရာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ခံယူလျက်ရှိရာ ယနေ့တွင် တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကား ပြောကြား၍ ဆရာတော်နှင့် သီလရှင်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပြီး အရပ်သားပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်သူများ လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း၊ သင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း အလှူအတန်းများ ပြုလုပ်ရန် ပြင်ဆင်နေခြင်းများအပေါ် လက်ခံနိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ခရီးသွားမော်တော်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ယခုကဲ့သို့ ဆရာတော်များ၊ သီလရှင်များနှင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့မှုများနှင့် ပတ်သက်၍ ဒါယကာ၊ ဒါယိကာမများ၊ မိသားစုများ၊ ဒေသခံ ပြည်သူများအနေဖြင့် ဝမ်းနည်း စိတ်မကောင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်များနှင့် ပြည်သူများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစဉ်။






မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း ဆရာတော်၊ သီလရှင်နှင့် အရပ်သားပြည်သူများလိုက်ပါလာသည့် မော်တော်ယာဉ်နှစ်စီးအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




ဆရာတော်၊ သီလရှင်နှင့် အရပ်သားပြည်သူများလိုက်ပါလာသည့် မော်တော်ယာဉ်နှစ်စီးကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ယာဉ်များအား တွေ့မြင်ရစဉ်။




❑ *ကျော့ဖုံးမှ*

(၂) ငလျင်ဗဟိုချက်သည် မြေအောက်အနက် (၅၀) ကီလိုမီတာ မကျော်ရပါ၊

(၃) ငလျင်အင်အားသည် ရစ်(ခ်)တာစကေး (၇) ကျော်ရမည်၊

(၄) ငလျင်ကြောင့် မြေသားလှုပ်ရှားမှုသည် အထက်အောက် လှုပ်ရှားမှုဖြစ်ရမည်၊

(၅) လှုပ်ရှားသည့် ရေအောက်ကြမ်းပြင် ဧရိယာသည် ကျယ်ပြန့်ရမည်။

အထက်ပါအချက် (၅) ချက်လုံးနှင့် ပြည့်စုံမှသာ ဆူနာမီဖြစ်ပေါ်နိုင်ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ရှားခဲ့သောငလျင်သည် အင်အားပြင်းထန်ပြီး ဗဟိုချက်အနက်တိမ်သောကြောင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနေခြင်းဖြစ်ပါသည်။ အင်အားပြင်းထန်သော ငလျင်ကြီးလှုပ်ရှားမှုကြောင့် ရွေ့လျားသွားခဲ့သော မြေသားများသည် ပုံမှန်အနေအထားသို့ ရောက်ရှိရန် ပြုလုပ်ကြရသဖြင့်လည်း နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနေခြင်းဖြစ်ပါသည်။

ငလျင်နှင့် ဆူနာမီတို့သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် လှုပ်ရှားမည်ကို ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ တိတိကျကျ ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးများဖြစ်ပါသည်။ တစ်ခါတစ်ရံ လူမှုကွန်ရက်များတွင် မည်သည့်အချိန်တွင် အင်အားမည်မျှဖြင့် ငလျင်လှုပ်မည်၊ မည်သည့်အချိန်တွင် ဆူနာမီဖြစ်ပေါ်နိုင်သည်ဆိုသည့် သတင်းမျိုးများတွေ့ရှိပါက ချင့်ချိန်၍ ယုံကြည်သင့်ပါကြောင်းနှင့် သက်ဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၃၄၁၁၂၆၉ နှင့် ၀၆၇-၃၄၁၁၂၅၃ သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ငလျင်လှုပ်ရှားမှုနှင့် ဆူနာမီတို့သည် အခြားသော သဘာဝဘေးများကဲ့သို့ ဖြစ်ပေါ်နိုင်သော အချိန်၊ ကာလ၊ ရာသီမရှိဘဲ အချိန်အခါမရွေး ရာသီမရွေး ဖြစ်ပေါ်နိုင်သော သဘာဝဘေးများဖြစ်၍ အမှန်တကယ် ငလျင်လှုပ်ရှားမှု၊ ဆူနာမီရေလှိုင်း ကျရောက်ခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့ရပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုအစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်လှုပ်ရှားမှုအား ဖြစ်ပေါ်စေသည့် ပြတ်ရွေ့များ အနီးတစ်ဝိုက်နှင့် မြေထုချပ်တိုးဝင်မှုဖြစ်စဉ်များ ဖြစ်ပေါ်စေနိုင်သော ဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသူများအနေဖြင့် ငလျင်၊ ဆူနာမီတို့နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ထားသင့်ပါကြောင်း အသိပေးအပ်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ငလျင်ဘေးသင့် ကျန်းမာရေးဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများအားတွေ့ဆုံ



နေပြည်တော် မေ ၄

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် - ၁၀၀၀ စားဖိုဆောင်တွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် လူနာများအတွက်ရေနွေးအစားအသောက်ရိက္ခာများ စုဆောင်းထားရှိမှုကို စစ်ဆေးကြည့်ရှုပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် လှူဒါန်းပစ္စည်းများကို ဝန်ထမ်းများနှင့် မိသားစုများ၏ လက်ဝယ်အရောက် အမြန်ဆုံးစနစ်တကျဖြန့်ဖြူးပေးရေး စီစဉ်ဆောင်ရွက်ခဲ့သည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ဝန်ထမ်းအိမ်ရာရှေ့ မြေကွက်လပ်တွင် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ထောင်စု ၄၅ စု၊ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိ အားကစားကွင်းအတွင်းတွင် ဝန်ထမ်းအိမ်ထောင်စု ၁၈စု၊ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၇)ရှေ့ မြေကွက်လပ်တွင် ဝန်ထမ်းအိမ်ထောင်စု ၂၇ စု၊ ဇမ္ဗူသီရိမြို့နယ် အမျိုးသားပရဆေးဥယျာဉ်အတွင်းတွင် ဝန်ထမ်းအိမ်ထောင်စု ၂၁ စု၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (ရုံးချုပ်) တွင် ဝန်ထမ်းအိမ်ထောင်စု ၅၀ စုစုပေါင်း အိမ်ထောင်စု ၁၆၁ စုတို့တွင် ရွက်ဖျင်တဲများ တိုးချဲ့ဆောက်လုပ်နေသည့် အခြေအနေကို စစ်ဆေးကြည့်ရှုပြီး အိမ်ထောင်စုတစ်စုချင်းစီအလိုက် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းတစ်ဦးချင်းစီအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သုံးသောင်းကို ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့်မိသားစုဝင်များအား အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် UNOPS Country Director Ms. Sara Austin Netzer နှင့်အဖွဲ့အား နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ယာယီရုံး၌ လက်ခံတွေ့ဆုံပြီး ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (The Global Fund) မှ ထောက်ပံ့ပေးနိုင်မည့် အခြေအနေများ၊ ငလျင်ဘေးသင့်ဒေသများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နိုင်ငံတကာမှ ကျန်းမာရေးဆေးကုသမှုအဖွဲ့များ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများစသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံ အခြေစိုက် Samaritan’s Purse International Relief အဖွဲ့မှ Emergency Medical Response Manager Mr. John Troke ဦးဆောင်သော အဖွဲ့ဝင်များအား ကျန်းမာရေးဝန်ကြီးဌာန ယာယီရုံး၌ လက်ခံတွေ့ဆုံရာ ငလျင်ဘေးသင့် ထိခိုက်ဒဏ်ရာရလူနာများအား အရေးပေါ်ခွဲစိတ်ကုသမှုများ အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ရန်အတွက် ရွှေ့လျားခွဲစိတ်ခန်းနှစ်ခန်း၊ အရေးပေါ်လူနာ ကြည့်ရှုစစ်ဆေးသည့်ဌာန၊ ပြင်ပလူနာဌာနနှင့် ဓာတ်ခွဲခန်းတို့ပါဝင်သော ယာယီဆေးရုံတည်ဆောက်၍ တစ်ရက်လျှင်လူနာ ဦးရေ ၁၀၀ မှ ၁၅၀ အထိ ကုသမှုပေးနိုင်ရေး၊ ရေကောင်းရေသန့်ရရှိရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တာဝန်ရှိသူများ လိုက်ပါလျက် ခုတင် (၅၀) ဆံ့ ဇမ္ဗူသီရိမြို့နယ်ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဆေးအဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံမှ ဆေးအဖွဲ့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးအဖွဲ့တို့အား တွေ့ဆုံ၍ ကုသရေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို တွေ့ဆုံဆွေးနွေးသည်။

ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဆေးအဖွဲ့သည် မြန်မာနိုင်ငံမှ အရိုးအထူးကုဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ ငလျင်ဘေးသင့် ကလေးလူနာသုံးဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးအဖွဲ့သည် မြန်မာနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ လူနာသုံးဦးကိုလည်းကောင်း စုစုပေါင်း လူနာခြောက်ဦးအား လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆေးရုံတွင် ခွဲစိတ်ကုသမှုပေးခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမှ ဆေးအဖွဲ့သည်လည်း အဆိုပါဆေးရုံတွင် ငလျင်ဘေးသင့်လူနာများအား ဆေးကုသမှု ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၁၂၅ တန်၊ သစ်မာ ၉ ဒသမ ၄၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၈၄၅၈) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပဲခူးမြို့ ညောင်ဝိုင်းရပ်ကွက် ရွှေမင်းသားကုန်စုံဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၀၀၀) နှင့် ပဲခူးမြို့ ညောင်ဝိုင်းရပ်ကွက် ၁၆ လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၇၄၄၅၈ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း




မန္တလေးတိုင်းဒေသကြီး ဖမ်းဆီးရမိမှု။

မရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Haise Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေကူမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၅၇၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Vigo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၀၄၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့ ကံကော်မြိုင်ရပ်ကွက် ပဋ္ဌောတရုံတိုက်ဟောင်းလမ်းဆုံအနီး၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ နေပြည်တော်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၆၅၆၄၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၈၇၈၉၅၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဝေါမြို့နယ်၌ နွေစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဝေါ မေ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် နွေစပါးစံပြစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်လှကျေးရွာအုပ်စုရှိတောင်သူဦးအာလူး၏ လယ်မြေ၂၇ ကေ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှ ခရိုင်ဦးစီးမှူး ဦးသိန်းဆွေဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးလွင်က တစ်နှစ်သုံးသီး စိုက်ပျိုးအောင်မြင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စံကွက်ရိတ်သိမ်းရာ ရက် ၉၀ စပါးမျိုး တစ်ဧကလျှင် ၁၅၀ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# စင်ကာပူနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ



**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များသည် ယနေ့နံနက် ၅ နာရီခွဲတွင်လည်းကောင်း၊ ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ၁၀ နာရီ ၄၂ မိနစ်တွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါလေယာဉ်များဖြင့် ရွက်ဖျင်တဲများ၊ ဆေးပစ္စည်းများနှင့် အထွေထွေ လူသုံးကုန်ပစ္စည်းများ ၄၆၃၇၄ ကီလိုဂရမ်ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E. Ms Chan Yuen Ying Vanessa Elisabeth နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့်ပစ္စည်းများအား တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ကူညီကယ်ဆယ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက် သွင်းကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်များဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၄**

လတ်တလော ဖြစ်ပွားခဲ့သည့် အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် လိုအပ်လျက်ရှိသည့် ဆေးဝါး၊ သံချောင်း၊ သွပ်ပြားလိပ်၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံသုံးစက်နှင့် စက်အရန်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက် သွင်းကုန်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ အမျိုးအစားအလိုက် လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ငလျင်ဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော လိုအပ်လျက်ရှိသည့် ဆေးဝါးနှင့် ဆေးအထောက်အကူပြု ပစ္စည်းများအား တန်ဖိုးအားဖြင့် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၀၃ သန်း)ဖိုးကို ငလျင်ဖြစ်ပွားပြီးနောက် ယခုရက်ပိုင်းအတွင်း သွင်းကုန်လိုင်စင် ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ပြည်တွင်း၌ ဆေးဝါးနှင့် ဆေးအထောက်အကူပြု ပစ္စည်းများ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် အထူးလိုအပ်သည့် ဆေးပစ္စည်းများကို သွင်းကုန်လိုင်စင်များ ဆက်လက် ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အထူးလိုအပ်သော သံချောင်းလုံး၊ သွပ်ပြားလိပ်၊ သံမဏိပစ္စည်း၊ ဆောက်လုပ်ရေးသုံး ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံ၊ မြေပြင်လုပ်ငန်းသုံး စက်ကိရိယာနှင့် ယာဉ်ယန္တရားသုံး စက်အရန်ပစ္စည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၃၉ သန်းကိုလည်း ငလျင်ဖြစ်ပွားပြီးနောက် သွင်းကုန်လိုင်စင် အမြန်ဆုံး ထုတ်ပေးခဲ့ကြောင်း၊ ငလျင်ဘေးသင့် ပြန်လည်ထူထောင်သည့် ကာလအတွင်း လိုအပ်ချက်ရှိသည့် အရေးကြီးကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ၂၄ နာရီအတွင်း သွင်းကုန်လိုင်စင်ရရှိရေး အမြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငလျင်ဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရ ဝန်ကြီးဌာနများအနေဖြင့် အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးများအပြင် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေး ပစ္စည်းများအား ပြည်ပမှ အချိန်မီတင်သွင်းနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် One Stop Service Team များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် အသင်းဝင်များအား အလှူငွေများ လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ၂၈- ၃- ၂၀၂၅ ရက်တွင် မန္တလေးမြို့အနီး ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှတစ်ဆင့် အလှူငွေကျပ် ၁၃၅ သိန်းနှင့် မြေငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသော ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀ စုစုပေါင်း အလှူငွေကျပ် ၂၃၅ သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ကြရသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များအား ဆက်လက်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြို့နယ်စာရေးဆရာအသင်းများနှင့် စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလှူငွေများလှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/ ၁၇၅၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၂၅၂၄၁၇၊ ၀၉၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်တို့၏ နာယက ဦးအောင်ကိုဝင်းနှင့်အဖွဲ့ ငလျင်ဘေးဒဏ်သင့်ဒေသများဖြစ်သော မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် နေပြည်တော်တို့၌ လှူဒါန်းမှုများဆောင်ရွက်

**နေပြည်တော် ဧပြီ ၄**

ကမ္ဘောဇ ဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များ ကွန်ရက်တို့၏ နာယက ဦးအောင်ကိုဝင်းနှင့် အဖွဲ့သည် ငလျင်ဒဏ်သင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့မှ သွေးလှူရှင်များဖြစ်သည့် သံဃာတော်များ၊ သီလရှင်များ၊ ဒေသခံစေတနာရှင်ပြည်သူများ၊ ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများ၊ ကမ္ဘောဇ ဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ သွေးလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အရေးပေါ်သွေးပုလင်းပေါင်း ၂၂၉ ပုလင်းကို လှူဒါန်းခြင်း၊ ဆေးရုံတက်ရောက်ကုသနေကြသော လူနာ ၉၅၂ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၈၅ သိန်းကျော်၊ ဆေးရုံကြီးမှ ဝန်ထမ်း ၁၂၅၂ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၂၆ သိန်း၊ ဆေးရုံ တက်ရောက် ကုသနေကြသော




ငလျင်ဒဏ်သင့် လူနာများနှင့် ဆေးရုံကြီးအတွက် အရေးပေါ်လိုအပ်ချက်များကို လွယ်ကူလျင်မြန်စွာ စီမံသုံးစွဲနိုင်ရန် ငွေကျပ်သိန်း ၅၀၀၀၊ စုစုပေါင်း ငွေကျပ် ၅၉၁၁ သိန်းကျော် အား ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ တာဝန်ရှိ ဆရာဝန် ဆရာမများနှင့် လူနာများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖောင်ဒေးရှင်း နာယကနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေကြသော လူနာ ၁၀၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၀ ၊ ဆေးရုံကြီးမှ ဝန်ထမ်း ၄၉၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၄၅ သိန်း၊ ဆေးရုံ တက်ရောက် ကုသနေကြသော ငလျင်ဒဏ်သင့် လူနာများနှင့် ဆေးရုံကြီးအတွက် အရေးပေါ် လိုအပ်ချက်များကို လွယ်ကူလျင်မြန်စွာ စီမံသုံးစွဲနိုင်ရန် ကျပ်သိန်း ၅၀၀၀ စုစုပေါင်း ငွေကျပ် ၅၂၉၅ သိန်းအား ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်၊ တာဝန်ရှိဆရာဝန်များ၊ ဆရာမများနှင့် လူနာများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖောင်ဒေးရှင်း နာယကနှင့်အဖွဲ့သည် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ဒေသတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသမှုနှင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဖောင်ဒေးရှင်းနေရာတွင် ၂၄ နာရီ ကွပ်ကဲမှုရုံးခန်း တည်ဆောက်၍ အများပြည်သူလိုအပ်သော ရေ၊ မီး၊ အစားအသောက်နှင့် ဆေးဝါးများ ဖြန့်ဖြူးထောက်ပံ့ပေးမည့် "ငလျင်ဒဏ်သင့် ပြည်သူများအတွက် ကမ္ဘောဇကယ်ဆယ်ကူညီထောက်ပံ့ရေးစင်တာ (KBZ Center Mandalay)" တည်ဆောက်ရေးစင်တာတွင် အခမဲ့ဆေးကုသနိုင်ရေး၊ အခမဲ့ ထမင်းစားဆောင်တည်ဆောက်ရေးနှင့် ထမင်းဟင်းချက်ပြုတ် ကျွေးမွေးရေး၊ ယာယီချက်ပြုတ်ရန် အခမဲ့ ဂတ်(စ်)မီးဖိုဆောင်များ တည်ဆောက်ပေးရေး၊ သောက်ရေသန့်များ အခမဲ့ဖြန့်ဝေနိုင်ရေး၊ အခမဲ့ ကျား/ မ ရေချိုးခန်းများ တည်ဆောက်ပေးရေးနှင့် အခမဲ့ ကျား/မ သန့်စင်ခန်းများ တည်ဆောက်ပေးရေးတို့အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ကမ္ဘောဇဖောင်ဒေးရှင်းသည် မန္တလေးမြို့တွင် တည်ဆောက်မည့် KBZ Center Mandalay အား ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၅ ဘီလီယံ၊ ကမ္ဘောဇ Group မှ ငွေကျပ် ၁၅ ဘီလီယံ စုစုပေါင်း ငွေကျပ် ဘီလီယံ ၃၀ ကနဦးမတည် လှူဒါန်းထားရှိသည်။

ထို့အပြင် ကမ္ဘောဇဖောင်ဒေးရှင်း နာယက ဦးအောင်ကိုဝင်းက နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက် ကုသနေကြသော လူနာ ၃၁၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၅ သိန်း၊ ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်း ၈၈၈ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၄၄ သိန်း၊ ဆေးရုံ တက်ရောက် ကုသနေကြသော ငလျင်ဒဏ်သင့် လူနာများနှင့် ဆေးရုံကြီးအတွက် အရေးပေါ် လိုအပ်ချက်များကို လွယ်ကူလျင်မြန်စွာ စီမံသုံးစွဲနိုင်ရန် ငွေကျပ်သိန်း ၅၀၀၀၊ စုစုပေါင်း ငွေကျပ် ၅၅၉၉ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်က ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဧပြီ ၄**

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထား နားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်မှ ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးထုတ်ပြန်ထားသည့် ကာလအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများကို အလစ်အငိုက်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် မိုးညှင်းမြို့ မြို့မဈေးအနီး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်များက ဆိုင်ကယ်ဖြင့် ရုတ်တရက် မောင်းနှင် ဝင်ရောက်လာပြီး လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားပြည်သူနှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် အလစ်အငိုက်တိုက်ခိုက်ခဲ့မှုကြောင့် လက်ပစ်ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့အရပ်သားပြည်သူများအား တွေ့ရစဉ်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နိုင်ငံအတွင်း ငလျင်သဘာဝဘေးဒဏ်ကြောင့်ဖြစ်ပေါ် ခံစားလျက်ရှိသည့် နိုင်ငံသူ နိုင်ငံသားများ၏ ပူပင်သောကရောက်ရှိမှုများကို လျစ်လျူရှု၍ ယခုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်မှုကို ကျူးလွန်ခြင်းသည် လူသားချင်း စာနာထောက်ထားမှု မရှိခြင်းပင်ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်ကို ကျူးလွန်ခြင်းပင်ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအဝန်း၌ နယ်မြေလုံခြုံရေးတာဝန်များကို တာဝန်သိ ပြည်သူလူထုများ၏ ဝိုင်းဝန်းပါဝင်ပူးပေါင်းမှုများဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌လည်း နယ်မြေလုံခြုံရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးနှင့် အတူတကွ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ပါဖြစ်စဉ်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်များ၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူတစ်ဦး၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-



ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူတစ်ဦး

"ဗုံးဖောက်ခွဲတဲ့ အချိန်မှာ ကျွန်တော်က နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးနေတဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ အနားမှာရှိနေတာပါ။ ပြည်သူတွေအတွက် လုံခြုံရေး ဆောင်ရွက်ပေးနေချိန်မှာ KIA, PDF အဖွဲ့တွေက လက်ပစ်ဗုံးနဲ့ လာပစ်သွားတာပါ။ ဒီလိုကိစ္စမျိုးတွေက မဖြစ်သင့်ဘူးပေါ့။ ဖြစ်လည်း မဖြစ်ထိုက်ဘူးပေါ့။ ကောင်းလည်းမကောင်းဘူးပေါ့။ ဒီလိုအကြမ်းဖက်မှုဆိုတာ ထိခိုက်သွားတဲ့ သူတွေအတွက်လည်း မကောင်းဘူး။ ဘယ်သူ့အတွက်မှ မကောင်းဘူးလို့ ကျွန်တော် ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။ **သတင်းစဉ်**



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုးညှင်းမြို့ မြို့မဈေးအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် အလစ်အငိုက်တိုက်ခိုက်ခဲ့မှုအား တွေ့ရစဉ်။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် အလစ်အငိုက်တိုက်ခိုက်ခဲ့မှုကြောင့် လက်ပစ်ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ကင်ညာနိုင်ငံသား ၇၇ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ်



မြဝတီမြို့ - မင်းလက်ပံ နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ၇၇ ဦးတို့အား ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသံမှူးတနိုင်ငံ သံရုံးမှ Deputy Head of Mission Mrs. Nancy Deboar Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၁၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၅။ Myawady Webportal https://myawady.net.mm
၆။ Myanmar National Portal https://myanmar.gov.mm

# ငလျင်ဘေးသင့်ဒေသ ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

## ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၅၆ ဦးအား ရှာဖွေပေးနိုင်ခဲ့

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၄ ရက်အထိ သေဆုံးသူ ၃၃၅၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၅၀ နှင့် ပျောက်ဆုံးသူ ၂၂၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၅၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၄ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း ငါးနိုင်ငံမှ လေယာဉ်စင်းရေ ငါးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၂၈ ဒသမ ၅၈၉ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်တွင်းပြည်ပ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံအသီးသီးမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိစဉ်။

◆ *ကျောဖုံးမှ*

ယနေ့တွင် စင်ကာပူနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ၊ ဘူတန်နိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ဆေးပစ္စည်းများ၊ တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ နေပြည်တော်တပ်မတော်လေဆိပ်သို့ရောက်ရှိကြသည်။

အဆိုပါအဖွဲ့များသည် ငလျင်ဘေးသင့်ဒေသများရှိပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ဆေးဝါးကုသမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ရောက်ရှိလာကြသည့် ကယ်ဆယ်ရေးနှင့် ဆေးကုသမှုအဖွဲ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့်အကွာ၊ အနက် ၁၀ ကီလိုမီတာ ဗဟိုပြု၍ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်သွားမှုနှင့် စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သေဆုံး/ဒဏ်ရာရ/ပျောက်ဆုံးစာရင်း

၄-၄-၂၀၂၅ ရက်နေ့၊ ၁၈၀၀ အချိန်ထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | သေဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ပျဉ်းမနား | ၂၄၅ | ၃၅၄ | | |
| | | ဇဗ္ဗူသီရိ | ၁၇၉ | ၁၃၀ | ၁ | |
| | | လယ်ဝေး | ၅၀ | ၁၁၂ | ၁ | |
| | | ဒက္ခိဏသီရိ | ၆ | ၈ | | |
| | | ဇေယျာသီရိ | ၂၁ | ၃၈ | ၄ | |
| | | ပုဗ္ဗသီရိ | ၄၂ | ၇၅ | ၃ | |
| | | တပ်ကုန်း | ၂၈ | ၇၀ | | |
| | | ဥတ္တရသီရိ | ၄၄ | ၅၆ | ၄ | |
| ပေါင်း | | | ၆၁၅ | ၈၄၃ | ၁၃ | |
| ၂ | စစ်ကိုင်း | စစ်ကိုင်း | ၅၀၃ | ၆၆၉ | ၂ | |
| | | မုံရွာ | ၁ | | | |
| | | ရွှေဘို | ၃ | ၁၉ | | |
| ပေါင်း | | | ၅၀၇ | ၆၈၈ | ၂ | |
| ၃ | ပဲခူး | ဖြူး | ၁၂ | ၄၅ | | |
| | | တောင်ငူ | ၁၄ | ၄၄ | | |
| | | ရေတာရှည် | ၁၀ | ၈၀ | | |
| | | အုတ်တွင်း | ၃ | ၂၈ | | |
| | | ကျောက်တံခါး | ၄ | ၃၇ | | |
| | | ထန်းတပင် | ၁ | | | |
| ပေါင်း | | | ၄၄ | ၂၃၄ | | |
| ၄ | မကွေး | ပခုက္ကူ | | ၁ | | |
| ပေါင်း | | | | ၁ | | |
| ၅ | မန္တလေး | မဟာအောင်မြေ | ၁၉၉ | ၄၀ | | |
| | | ချမ်းအေးသာစံ | ၂၂၁ | ၁၁၅ | | |
| | | ချမ်းမြသာစည် | ၁၂၀ | ၆၅၃ | | |
| | | ပြည်ကြီးတံခွန် | ၇၃ | ၄၄ | ၄ | |
| | | အောင်မြေသာစံ | ၁၇၄ | ၂၀၆ | ၂၀၁ | |
| | | ပုသိမ်ကြီး | ၃၅ | ၆၉ | | |
| | | မတ္တရာ | ၂၅ | ၅၅ | | |
| | | အမရပူရ | ၃၁၄ | ၈၆ | | |
| | | ကျောက်ဆည် | ၁၇၅ | ၄၅၀ | | |
| | | မြစ်သား | ၄၅ | ၂၂၇ | | |
| | | စဉ့်ကိုင် | ၁၃၄ | ၂၀၁ | | |
| | | တံတားဦး | ၁၅၈ | ၁၄ | | |
| | | ငါန်းဇွန် | | | | |
| | | မိတ္ထီလာ | ၁၄ | ၃၃ | | |
| | | သာစည် | ၄၇ | ၆၄ | | |
| | | ဝမ်းတွင်း | ၅၂ | ၅၁ | | |
| | | ရမည်းသင်း | ၉၆ | ၁၃၄ | | |
| | | ပျော်ဘွယ် | ၂၄၀ | ၁၆၇ | | |
| ပေါင်း | | | ၂၁၂၂ | ၂၆၀၉ | ၂၀၅ | |
| ၆ | ရှမ်း | ပင်လောင်း | ၃ | ၁၉ | | |
| | | ညောင်ရွှေ | ၅၀ | ၅၀ | | |
| | | တောင်ကြီး | ၃ | ၄ | | |
| | | ကလော | ၁၀ | ၄၂ | | |
| | | မိုးနဲ | | ၇ | | |
| | | ရွာငံ | | ၁ | | |
| | | လဲချား | | ၁ | | |
| | | ရပ်စောက် | | ၁ | | |
| | | ပင်းတယ | | ၈ | | |
| ပေါင်း | | | ၆၆ | ၁၃၃ | | |
| စုစုပေါင်း | | | ၃၃၅၄ | ၄၅၀၈ | ၂၂၀ | |




## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့်ပန်းတောင်းမြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက်/အုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးထွေးမောင်၊ ဒေါ်ခင်ထွေး၊ ဒေါ်စန်းမြထွေး | အစိုးရ | ၅၆/ရွာမကွက် | ၁၃၇ | ၀ဒသမ၃၂၈ | ပေါင်းတလည် | သစ် |
| ၂ | ဒေါ်ခင်ဌေးကြည် | အစိုးရ | ၄၆/ရတနာပုံကွက် | ၁၀ | ၀ဒသမ၂၂၃ | ရတနာပုံ | သစ် |
| ၃ | ဒေါ်ခင်ဌေးကြည် | အစိုးရ | ၄၄/ပန်းခြံကွက် | ၉ | ၀ဒသမ၈၀၆ | ရတနာပုံ | သစ် |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန် (အမည်ပြောင်း/ သက်တမ်းတိုး/ အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက်/အုပ်စု | မှတ်ချက် |
